# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ရက်၊ ၂၀၁၀ခုနှစ်၊ ဇူလိုင် ၃ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၇၁)


## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

### ဘယ်လာရုစ်သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၀ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒား၊ အာရ်၊ လူကာရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၀ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်သည့် ဘယ်လာရုစ် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆာဂျီ၊ ဆီဒေါစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

# ဒေသခံတောင်သူများအတွက် စိုက်ပျိုးစရိတ်များ သင့်လျော်သလို ပံ့ပိုးကူညီနိုင်ရေး နိုင်ငံတော်နှင့် ပုဂ္ဂလိကအပိုင်းက ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိ ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး

## သက်ဆိုင်ရာဌာနများမှ ပညာရှင်များ၊ ဝန်ထမ်းများကိုယ်တိုင် ကွင်းဆင်းအပင်ပန်းခံဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂

**ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၁ရက် နံနက်ပိုင်းက ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်းဖောက်လုပ်နေမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**



ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်ရှိ ဆင်ဂေါင်းဘူတာသို့ရောက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဘူတာ၌ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားပေါင်များ ထုတ်လုပ်နေမှု၊ ရထားသံလမ်း၊ ကွန်ကရစ်ဇလီဖား၊ လမ်းခင်းကျောက်နှင့် တည်ဆောက်ရေးပစ္စည်းများ စုဆောင်းထားရှိမှု၊ ဘူတာနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အိမ်မဲမြို့ရှိ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း စီမံကိန်းအင်ဂျင်နီယာရုံးသို့ရောက်ရှိရာ ဝန်ကြီး ဦးအောင်မင်းက အရှည် ၈၉မိုင်ရှိ ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်းစီမံကိန်းတွင် လုပ်ငန်းများဆောင်ရွက်နေမှု၊ ရထားလမ်းဖြတ်သန်းမည့် မြို့နယ်များ၊ မြေကြီးလုပ်ငန်းနှင့် တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

## တည်ဆောက်မှု စစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကန်ကြီးထောင့်မြို့နယ်ရှိ ဆင်ဂေါင်းဘူတာ၌ တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက်)

# ဧရာဝတီတိုင်းတစ်ခွင် ဖွံ့ဖြိုးသာယာ ဝေစည်စေခဲ့ပြီ

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးခဲ့သည်။ မြစ်ချောင်းပေါများ၍ ရေလမ်းတစ်ခုတည်းကိုသာ အားထားနေရသော ဧရာဝတီတိုင်းတွင် တံတားများ၊ ရထားလမ်းများ၊ ကားလမ်းမကြီးများကို တိုးမြှင့်ဆောက်လုပ်၊ ဖောက်လုပ်ပေးခဲ့သဖြင့် ယနေ့အချိန်အခါ၌ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးစည်ပင်လျက် ရှိနေပြီဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် အဓိကကျသော အခြေခံအချက်များဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိရာ လယ်ယာထွက်ကုန်ပမာဏ မြင့်မားသော ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းတို့ကဲ့သို့ ဒေသများတွင် လယ်ယာထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်ရပ်လုံး အရည်အသွေးနှင့် အရေအတွက် ပိုမို တိုးတက်မြင့်မားလာရန် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဧရာဝတီတိုင်းရှိ တိုင်းရင်းသားပြည်သူတို့သည် ဧရာဝတီတိုင်း၏ ထူးခြားကောင်းမွန်သော ရေခံ၊ မြေခံတို့ကို ထိရောက်စွာ ဆက်စပ်အသုံးချပြီး ပြည်သူတစ်ဦးချင်းစီကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားလုပ်ကိုင်သွားကြရမည်ဖြစ်သည်။ ဒေသခံပြည်သူတို့၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မအူပင်၊ ဟင်္သာတ၊ ပုသိမ်ဒေသများအပါအဝင် တစ်နိုင်ငံလုံး အထူးဖွံ့ဖြိုးရေး ဒေသကြီး(၂၄)ခု သတ်မှတ်၍ ဒေသတစ်ခုစီ၌ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တစ်ခုစီ ထူထောင်ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။

ဧရာဝတီတိုင်းသည် ယခင်က ရေလမ်းခရီးတစ်ခုတည်းကိုသာအားပြု၍ သွားလာခဲ့ရာမှ ယခုအခါ မြစ်ကူးတံတားကြီးများ၊ အဓိက ကားလမ်းမကြီးများ၊ ရထားလမ်းများကို အရှေ့၊ အနောက်၊ တောင်၊ မြောက် ကွန်ရက်သဖွယ် လက်ယှက်ထိုး ဆက်သွယ်တည်ဆောက် ဖောက်လုပ်ထားပြီးဖြစ်၍ လမ်းပန်းဆက်သွယ်ရေးသာမက စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများပါ အဘက်ဘက်မှ ဖွံ့ဖြိုးလာခဲ့ပြီ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပညာရေးဝန်ကြီးဌာန
## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၂

ပညာရေးဝန်ကြီးဌာန ၂၀၁၀ခုနှစ် ပထမအကြိမ် နေပြည်တော် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၈နာရီက အဆိုပါဝန်ကြီးဌာန ဆိုင်းဘုတ်ရှေ့၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း(**ယာပုံ**)နှင့် ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းတို့ တက်ရောက်၍ သတ်မှတ်နေရာများ၌ ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

**အားပေး**

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး အရာထမ်း၊ အမှုထမ်းများ၏ အရိပ်ရပင်၊ လေကာပင်နှင့် နှစ်ရှည်ပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လှည့်လည်ကြည့်ရှု အားပေးကြသည်။

**စိုက်ပျိုး**

ပညာရေးဝန်ကြီးဌာန ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ သရက်၊ ပုန်းညက်၊ ကျွန်း၊ ပျဉ်းကတိုး၊ ရေတမာ၊ သစ်မွှေးနှင့် အသောကပင် စုစုပေါင်း ၂၁၂၄ပင် စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## စိုက်ပျိုးရေး ပညာပေးဆွေးနွေးပွဲ
## ရသေ့တောင်မြို့နယ်၌ ကျင်းပ

ရသေ့တောင် ဇူလိုင် ၂

စစ်တွေခရိုင် ရသေ့တောင်မြို့နယ် စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၁၉ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရှိတောင်သူများ၊ ကျေးရွာနယ်မြေ ငါးခုမှ တောင်သူများ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ **(ဝဲပုံ)**

**ဆွေးနွေးပြောကြား**

ထို့နောက် ရသေ့တောင်မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်လှိုင်စိုးက သီးနှံစိုက်ပျိုးထုတ်လုပ်မှု ရေရှည်တည်တံ့ခိုင်မြဲအောင် မိုးစပါး၊ နွေစပါး၊ မိုးသီးနှံနှင့် ဆောင်းသီးနှံများစိုက်ပျိုးရာတွင် မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်နှင့် ရာသီမှန်အောင် စိုက်ပျိုးကြရန် လိုအပ်သော နည်းစနစ်နှင့် ဓာတ်မြေဩဇာသုံးစွဲနည်း စသည့် အချက်အလက်များကို ပညာပေး ဆွေးနွေးပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း
## ပခုက္ကူမြို့၌ ပညာပေးဟောပြော

ပခုက္ကူ ဇူလိုင် ၂

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၂၄ရက်က ပခုက္ကူမြို့ အထက(၃) အောင်ဇမ္ဗူထွန်းခန်းမ၌ကျင်းပရာ ခရိုင်တရားသူကြီး ဦးဌေးဝင်း၊ ခရိုင်ဥပဒေအရာရှိ ဦးသန်းလှိုင်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်သန်း(၁)(**ယာပုံ**)နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့က ကျောင်းသား ကျောင်းသူ ၈၀၀ကျော်အား ပညာပေး ဟောပြော သရုပ်ပြသရှင်းလင်းသည်။

**ပညာပေးဟောပြော**

အလားတူ ဇွန် ၁၇ရက်က အထက (၁) ပညာမဏ္ဍိုင်ခန်းမနှင့် ၂၁ရက်တွင် အထက (၂) ပိတောက်ဆောင်တို့၌ ကျောင်းသား ကျောင်းသူများအား ပညာပေး ဟောပြောသည်။ (ဝ၇ဝ)

## ဥတုရာသီ တောကိုမှီ၏



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၇-၂၀၁၀ (စနေနေ့)

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဝိပဿနာ အလုပ်ပေးတရား** (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၆:၅၀ ကပ်လှူပူဇော်ကုသိုလ်ယူမယ် ဆံတော်ရှင် ကျိုက်သုတ်စေတီတော်ဝယ်
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် 8 DAYS A Week Journal 1st Anniversary
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၅)
၈:၃၀ ဆန်းသစ်လှပခေတ်မီသော မြန်မာ့ချည်ထည် အဆင်ဆန်းများ
၈:၅၅ Activities in the City -SONY EXPO- 2010၏ နောက်ဆုံးပေါ် အဆင့်မြင့် နည်းပညာပြပွဲ -အမျိုးသမီးဆရာဝန်များအဖွဲ့ (ရန်ကုန်)၏ ကျန်းမာသော လူမှုဘဝ နေထိုင်မှုပုံစံ
၉:၁၅ သလ္လာဝတီမြို့တော်မှ သန်းကုဋေအောင်၏ မြတ်သောအလှူ
၉:၄၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၄၀ အယသမ်ဂီတို့ဖြစ်တည်ရာ....
၁၀:၅၀ သွားမယ်စားမယ် (Cafe Bellagio)
၁၁:၂၀ မိခင်နို့ စနစ်တကျတိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာကျွေးနည်း သိကောင်းစရာများ ဒေါက်တာသိန်းသိန်းမြင့်
၁၁:၃၀ သီးနှံစိုက်ပျိုးအထွက်တိုး **စပါးပန်းတိုင်အထွက်နှုန်း**
၁၁:၄၅ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်သီချင်းများ ၂၀၁၀ခုနှစ် ဇူလိုင်လ ၃ရက်
၁၂:၃၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၄) (အဆုတ်ကင်ဆာ)
၁:၀၀ **ဝိပဿနာ အလုပ်ပေးတရား** (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (Romatic Couple-2)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၅)
၄:၀၅ **လောကရဲ့ အလှရတနာ** ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
၄:၂၀ Activities in the City -SONY EXPO- 2010၏ နောက်ဆုံးပေါ် အဆင့်မြင့် နည်းပညာပြပွဲ -အမျိုးသမီးဆရာဝန်များအဖွဲ့ (ရန်ကုန်)၏ ကျန်းမာသော လူမှုဘဝ နေထိုင်မှုပုံစံ
၄:၄၅ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာ ဖွံ့ဖြိုးနေ
၅:၀၀ သလ္လာဝတီမြို့တော်မှ သန်းကုဋေအောင်၏ မြတ်သောအလှူ
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ သွားမယ်စားမယ် (Cafe Bellagio)
၆:၄၅ ဖန်တီးသူနှင့် အနုပညာ ချစ်သုဝေနှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
၇:၁၅ Fashion Music Festival (Romatic Couple-2)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၉:၀၀ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၅)
၁၀:၀၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၄) (အဆုတ်ကင်ဆာ)
၁၀:၂၀ Sports World
၁၀:၄၅ ဖန်တီးသူနှင့် အနုပညာ ချစ်သုဝေနှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
၁၁:၀၅ ရန်ကုန်မြင်ကွင်းကျယ် (8 DAYS A Week Journal 1st Anniversary)
၁၁:၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၁:၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



မကွေးခရိုင် နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကန်ကြီးကုန်းကျေးရွာ ကျေးလက်ကျောက်ချောလမ်း ပေ ၂၀၀၀ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်ဇော်မိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)





ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဝန်ကြီးဦးကျော်ဆန်း အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၂

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းသည် ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည့် ဝန်ကြီးရုံးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။**

## တက်ရောက်

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဦးကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ သရက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ကြီးဦးကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

## ကျင်းပ

အလားတူ နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း နေပြည်တော်ပုံနှိပ်စက်ရုံနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော် သတင်းစာတိုက်တို့၌ ၂၀၁၀ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲများကို အသီးသီးကျင်းပကြရာ ဝန်ထမ်းများ စုပေါင်း၍ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

## စိုက်ပျိုး

ယနေ့ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သရက်နှင့် နှစ်ရှည်စားပင်သီးပင်၊ အရိပ်ရလေကာပင်များ စိုက်ပျိုးကြရာ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနအသီးသီးမှ သရက် ၁၀၆၅ ပင်နှင့် နှစ်ရှည်စားပင်သီးပင်၊ အရိပ်ရလေကာပင် ၇၆၁ ပင် စုစုပေါင်း ၁၈၂၆ ပင် စိုက်ပျိုးကြသည်။

ယခုနှစ် မိုးရာသီတွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် စီမံချက်ချ စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ သရက် ၃၁၆၅ ပင်၊ နှစ်ရှည်စားပင်သီးပင်၊ အရိပ်ရလေကာပင် ၂၁၇၈၀ စုစုပေါင်း ၂၄၉၄၅ပင် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် လာမည့်အပတ်များတွင်လည်း ဌာနအလိုက် ထပ်မံစိုက်ပျိုးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

**၂-၇-၂၀၁၀**

ကော့ကရိတ်မြို့
၂ ဒသမ ၇၂ လက်မ
ဟုမ္မလင်းမြို့
၂ ဒသမ ၅၅ လက်မ
ခန္တီးမြို့
၂ ဒသမ ၂၉ လက်မ

## တောင်ပိုင်းဒေသများ၌ မိုးပိုလာဖွယ်

နေပြည်တော် ဇူလိုင် ၂

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်း ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိသည်။

**ဇူလိုင် ၃ရက် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင်** နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ဇူလိုင်လ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

## မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သတ္တုတွင်းဝန်ကြီးဌာန အမှတ် (၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်အား ယင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးကျော်ဝင်း ညွှန်ကြားရေးမှူး အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| (ခ) | ဦးစိန်ဝင်း ညွှန်ကြားရေးမှူး (စီမံရေး) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန |
| (ဂ) | ဦးခိုင်အောင် ဒုတိယညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန သာသနာရေးဝန်ကြီးဌာန |

### ● ကျောဖုံးမှ

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ(၄၃)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၃၈)ပါတီအနက် ပါတီ(၃၃)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ✻ ကျောဖုံးမှ

အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ဇူလိုင် ၂၇ရက်မှ ဩဂုတ် ၁၆ရက်အထိ (စနေ၊ တနင်္ဂနွေ) ရုံးပိတ်ရက်များ အပါအဝင်(ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)တွင် လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၇၆၇၇နှင့် ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စက်မှု(၂)ဝန်ကြီးဌာန မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကျင်းပ

*နေပြည်တော် ဇူလိုင် ၂*

*အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၏ တတိယနေ့အဖြစ် သစ်ပင်စိုက်ပျိုးမှုများကို ဇူလိုင် ၂ရက် ညနေ ၃နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာနရုံး၌ ကျင်းပသည်။*

### ကြည့်ရှုအားပေး

*ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်း၊ ကျွန်း၊ ခရေ၊ မဟော်ဂနီ စသည့် ပျိုးပင် ၁၈၅၀ ကို ဝန်ထမ်းများက စိုက်ပျိုးကြရာ အမှတ်(၂)စက်မှု ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။*

### စိုက်ပျိုးလျက်ရှိ

*အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် သစ်ပင်စိုက်ပျိုးမှုများကို ဝန်ထမ်းအိမ်ရာများနှင့် ပုဗ္ဗသီရိမြို့သစ်ရှိ ဝန်ထမ်းကိုယ်ပိုင်နေအိမ်များတွင်ပါ အပတ်စဉ် စိုက်ပျိုးလျက်ရှိကြောင်း သတင်းရရှိသည်။* ***(သတင်းစဉ်)***

## ဂုဏ်မြင့်သူ

✻ မေမြန်မာ ကလျာထု
ကြည်သာစု ထွေထွေ
ညီညာမှု တုပဆွေ
ဥမသွေ ထင်ရှား။

✻ ဦးတည်ချက်(၇)ရပ် အညီ
မလပ်ပြီ ဖြန့်ကြက်လုပ်အား။

✻ (၃)ရက်နေ့ လဇူလိုင်
ချမှုပိုင် ဝင့်ကြွား။

✻ လှတူပြိုင် စွင့်ကားလို့
မြင့်မားခဲ့ စွမ်းရည်။

✻ ရှေးစဉ်လာ သွေမပစ်ပြီဘု
မွေအနှစ် ထိန်းကြလီလီ။

✻ စိမ်းကြည်လဲ့ စခန်းဝေစီ
လှမ်းလေပြီ မျိုးမာန်အားနဲ့
တိုးစံထား မြဲပရည်တူ။
နွဲကြ ကြည်ဖြူ။

✻ မြန်မာအမျိုးသမီး ညွှန့်တလူလူ
ဂုဏ်မြင့်သူ အမှန်ပလေး။ ။

**ဝင်းမြအေး**

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

## အီရန်နျူကလီးယားပြဿနာ ဆက်လက်ဆွေးနွေးရန် ရုရှားတိုက်တွန်း



ရုရှား နိုင်ငံ ခြား ရေးဝန်ကြီး ဆာဂီလက် ဗရော့။

မော်စကို ဇူလိုင် ၂

*အီရန်နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ဆက်လက် ဆွေးနွေးရန် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗရော့က တိုက်တွန်းလိုက်ပြီး အီရန်အပေါ် အရေးယူပိတ်ဆို့မှုများမှာ အလုပ်မဖြစ်ကြောင်း ဇူလိုင် ၂ရက်က ပြောကြားသည်။*

**စိတ်ဝင်စား**

*မိမိတို့က အီရန်၏ နျူကလီးယားအစီအစဉ်နှင့် အီရန် အစိုးရ စိုးရိမ်မကင်းဖြစ်နေသည့် ပြဿနာများကို ဆွေးနွေးရန် စိတ်ဝင်စားကြောင်းစသည်ဖြင့် ဆာဂီလက်ဗရော့က အီဂျစ် နိုင်ငံ၏မြို့တော် ကိုင်ရိုတွင် ပြောကြားသည်။*

**မရှိနိုင်**

*ရုရှားအစိုးရက အရေးယူပိတ်ဆို့မှုကို ယုံကြည်မှုမရှိ ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းသို့ ပြုလုပ်ခြင်းဖြင့် လိုလားသည့်ရလဒ်ကို မရရှိနိုင်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။*

**မျှော်လင့်ထား**

*ရုရှား၊ ပြင်သစ်နှင့် အမေရိကန်တို့က နျူကလီးယား လောင်စာဖလှယ်ရေး အစီအစဉ်ကို ဆွေးနွေးရန် မျှော်လင့်ထား ကြသည်ဟု ၎င်းက ပြောကြားသည်။*

*(အင်တာနက်)*



တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကင်းမြို့နှင့် ရှန်ဟိုင်းမြို့အကြား ပြေးဆွဲမည့် မြန်နှုန်းမြင့်ရထားကို ဇူလိုင် ၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

## မက္ကဆီကိုပင်လယ်ကွေ့၌ ရေနံယိုဖိတ်မှု ဆက်လက်ဖြစ်ပေါ်နေ

နယူးယောက် ဇူလိုင် ၂

မက္ကဆီကိုပင်လယ်ကွေ့တွင် ဘီပီရေနံကုမ္ပဏီ၏ ရေနံများယိုဖိတ်မှုသည် ဆက်လက် ဖြစ်ပွားလျက်ရှိပြီး အမေရိကန်ပြည်သူများအနေဖြင့် ယင်းပြဿနာမှာ လွယ်မယောင်ဖြင့်ခက် တိမ်မယောင်ဖြင့်နက်သည့်အဖြစ်မျိုးဟူ၍ ယုံကြည်စပြုနေပြီဖြစ်ကြောင်း အင်တာနက် သတင်းတစ်ရပ်၌ ဇူလိုင် ၁ရက်က ဖော်ပြထားသည်။

**ကောက်ချက်ချ**

မက္ကဆီကိုပင်လယ်ကွေ့အတွင်း ရေနံယိုဖိတ်မှုပမာဏသည် မျှော်လင့်ထားသည်ထက် ပိုမိုဆိုးရွားလျက်ရှိပြီး မိမိတို့အနေဖြင့် ယင်းပြဿနာသည် ရုတ်တရက် ကြုံတွေ့ရသည့် အန္တရာယ်ဟု ကောက်ချက်ချရမည်ဖြစ်သည်။

လူဝီစီယားနား ဗင်းနစ်ဆိပ်ကမ်းမှ အရှေ့တောင်ပိုင်း ၅၂ မိုင်အကွာတွင် ဒိပ်ဝါတာ ဟော်ရီဇွန် ရေနံတူးစင် ဧပြီ ၂၀ရက်က ပေါက်ကွဲခဲ့မှုမှာ ဟာလီဘာတန်ကုမ္ပဏီမှ ဝန်ထမ်းများက ရေနံတွင်းအား စနစ်တကျဘိလပ်မြေဖြင့် မပိတ်ခဲ့မှုကြောင့်ဖြစ်သည်။ သည့်အတွက် တရားစွဲ ခံထားရသည်။ **(အင်တာနက်)**

## ပါကစ္စတန်၌ မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုရပ်ဆိုင်းရန် အမိန့်ထုတ်ပြန်

အစ္စလမ္မာဘတ် ဇူလိုင် ၂

ပါကစ္စတန်နိုင်ငံ လူမျိုးစုများနေထိုင်ရာဒေသများတွင် လွန်ခဲ့သည့်နှစ်နှစ်အတွင်း လူ ၁၀၀ နီးပါး သေစေခဲ့သည့် အမေရိကန်မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်မှုအပေါ် ပါကစ္စတန်အစိုးရက အရေးယူရန် ပါကစ္စတန်တရားရုံးက ဇူလိုင် ၁ရက်တွင် အမိန့်တစ်ရပ် ထုတ်ပြန်လိုက်သည်။

**အမိန့်ထုတ်ပြန်**

ပါကစ္စတန်အစိုးရ၏ သဘောတူညီချက်မပါဘဲနှင့် ယင်းလေယာဉ်တိုက်ခိုက်မှုများ ဆက်လက် ပေါ်ပေါက်နေပါက တိုက်ခိုက်မှုများ ရပ်ဆိုင်းရမည်ဟု ပန်ဂျပ်ပြည်နယ်ရှိ လာဟိုတရားရုံးက အမိန့်ထုတ် ပြန်ကြောင်း ရုပ်မြင်သံကြားသတင်းဌာနက ဖော်ပြသည်။

**ချိုးဖောက်**

ဒေသခံများက မောင်းသူမဲ့ လေယာဉ်တိုက်ခိုက်မှုများ အဆုံးသတ်ရန် တရားရုံးသို့ အသနားခံတင်ပြရာ ယင်းအမိန့် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုသည် ပါကစ္စတန်၏ နယ်မြေတည်တံ့မှုကို ချိုးဖောက်ရာကျသည်ဟု ၎င်းတို့က ပြောကြားသည်။ (အင်တာနက်)

## အာဖဂန်နစ္စတန်၌ အမေရိကန်လေယာဉ် အရေးပေါ်ဆင်းသက်

ကဘူးလ် ဇူလိုင် ၂

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂါဟာပြည်နယ်၌ အမေရိကန်စစ်ဘက် လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ဇူလိုင် ၁ရက်တွင် ညွန့်ပေါင်းတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

**ဆင်းသက်**

နန်ဂါဟာပြည်နယ် ကုနာဒေသ၌ အဆိုပါလေယာဉ်သည် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။

**စုံစမ်းစစ်ဆေး**

လေယာဉ်အရေးပေါ် ဆင်းသက်ခဲ့သော်လည်း ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်ခဲ့ကြောင်း ယင်းကိစ္စနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ဆိုသည်။

**ဖြစ်ပွား**

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ် ဂျာလာလာဘတ်မြို့ရှိ လေတပ် အခြေစိုက်စခန်း၌ တာလီဘန်စစ်သွေးကြွများ တိုက်ခိုက်မှုဖြစ်ပွားပြီး နောက်တစ်ရက်တွင် ယင်းသို့ ဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်ဟု အဆိုပါသတင်း၌ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## ရုရှားအာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်

မော်စကို ဇူလိုင် ၂

ရုရှားအာကာသ ကုန်တင်ယာဉ်သည် ဇွန် ၃၀ရက်ညပိုင်းတွင် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနာအာကာသစခန်းမှ နိုင်ငံတကာအာကာသစခန်း(အိုင်အက်စ်အက်စ်)သို့ လွှတ်တင်ကြောင်း မော်စကိုအာကာသ ထိန်းချုပ်ရေးစင်တာက သတင်းထုတ်ပြန်သည်။

**ရောက်ရှိ**

အဆိုပါ အမ်-၀၆အမ် အာကာသယာဉ်ကို ဆိုယုဇ်ဒုံးပျံဖြင့် မော်စကိုစံတော်ချိန် ၇နာရီ ၃၅မိနစ်တွင် လွှတ်တင်လိုက်ကြောင်း၊ ယင်းအာကာသကုန်တင်ယာဉ်၌ လောင်စာဆီ ၂ဒသမ၅တန်ခန့်၊ အောက်ဆီဂျင်၊ သိပ္ပံဆိုင်ရာကိရိယာ၊ ဗီဒီယိုနှင့်ဓာတ်ပုံရိုက်ကင်မရာများနှင့်အတူ ကုန်သေတ္တာဖြင့် နိုင်ငံတကာ အာကာသစခန်းရှိ အာကာသယာဉ်မှူးများအတွက် အစားအစာပါဆယ်ထုပ်နှင့် ရေတို့ကို သယ်ဆောင်သွားခဲ့သည်။ ယင်းအာကာသကုန်တင်ယာဉ်သည် ဇူလိုင် ၂ရက် မော်စကိုစံတော်ချိန် ည ၈နာရီ ၅၅ မိနစ်တွင် အိုင်အက်စ်အက်စ်သို့ ရောက်ရှိမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## တိဗက်တွင် စတုတ္ထမြောက်လေဆိပ်ဖွင့်

နန်ရာ ဇူလိုင် ၂

တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဂန်ဆာလေဆိပ်ကို ဇူလိုင် ၁ရက်က ဖွင့်လှစ်လိုက်သည်။ ယင်းမှာ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စတုတ္ထမြောက် လေဆိပ်ဖြစ်သည်။ လေဆိပ်မှာ မီတာ ၄၂၀၀ကျယ်၍ ပြေးလမ်းအရှည်မီတာ ၄၅၀၀ ဖြစ်သည်။

အဆိုပါလေဆိပ်မှာ အမေရိကန်ဒေါ်လာ၂၄၁ ဒသမ ၂၂မီလီယံ ကုန်ကျခဲ့ပြီး ၂၀၀၇ ခုနှစ် မေလမှ စတင်တည်ဆောက်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



ပါကစ္စတန်နိုင်ငံ လာဟိုမြို့၌ အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးဝန်ထမ်းများ ရှင်းလင်း ဆောင်ရွက်နေသည်ကို ဇူလိုင် ၂ရက်က တွေ့ရစဉ်။

(ယင်းဖြစ်ပွားမှုအတွင်း ၃၇ဦး သေဆုံးပြီး ၁၇၅ဦးဒဏ်ရာရရှိခဲ့သည်။)

**(ဆင်ဟွာဓာတ်ပုံ)**

## ဂါဇာကမ်းမြောင်ကို အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်

ဂါဇာ ဇူလိုင် ၂

ဂါဇာကမ်းမြောင်ဒေသ သုံးနေရာကို ပစ်မှတ်ထားလျက် အစ္စရေးတို့လေကြောင်းမှ ဒုံးကျည်ဖြင့် ငါးကြိမ်ပစ်ခတ်ကြောင်း ဇူလိုင် ၁ရက်တွင် ပါလက်စတိုင်းလုံခြုံရေး အဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

**သတင်းမရရှိသေး**

ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ရာဖာမြို့လေဆိပ်ကို ဇူလိုင် ၁ရက်စောစောပိုင်းတွင် အစ္စရေးတို့က အက်ဖ်-၁၆ လေယာဉ်မှ ဒုံးကျည်ဖြင့် နှစ်ကြိမ်ပစ်ခတ်ခဲ့သည်ဟု ဆိုသည်။ ကမ်းမြောင်ဒေသကမ်းရိုးတန်းရှိ ဟားမတ်စ်အခြေစိုက်စခန်းကို ပစ်မှတ်ထားလျက် ထပ်မံ၍ တိုက်ခိုက်မှုဖြစ်ပွားသော်လည်း ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ သေကျေပျက်စီးမှုကို သတင်းမရရှိသေးပေ။

**ဖော်ပြ**

လွန်ခဲ့သည့် သုံးနှစ်ကျော်ကာလက အစ္စရေးအရပ်သားများနှင့် အစိုးရရုံးများကို ပစ်မှတ်ထားကာ ပါလက်စတိုင်းတို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အစ္စရေး အရပ်သားရာနှင့်ချီ၍ သေဆုံးခဲ့ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

**(အင်တာနက်)**

## ဘရာဇီး အခြေခံအဆောက်အအုံကဏ္ဍ၌ အမေရိကန်ဒေါ်လာ ၇၃၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

ရီယိုဒီဂျနေးရိုး ဇူလိုင် ၂

ဘရာဇီးအစိုးရသည် လာမည့်သုံးနှစ်အတွင်း အခြေခံအဆောက်အအုံ၊ စက်မှုလုပ်ငန်းနှင့် ဆောက်လုပ်ရေးကဏ္ဍများ၌ အမေရိကန်ဒေါ်လာ ၇၃၅ ဘီလီယံရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသည်ဟု စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မိုက်ကယ်ဂျီးက ဇူလိုင် ၁ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ယခုအချိန်သည် နိုင်ငံအတွင်း၌ ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးအချိန်ဖြစ်ပြီး ၂၀၁၀ခုနှစ်အတွင်း ဘရာဇီးနိုင်ငံ၏ စီးပွားရေးကဏ္ဍ ၆ ရာခိုင်နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ တိုးတက်ဖွံ့ဖြိုးလာစေရန် မျှော်လင့်ထားသည်ဟု ဘရာဇီးနိုင်ငံဆော်ပေါလိုမြို့၌ကျင်းပသည့် ဘရာဇီး-အီတလီ စီးပွားရေး ဆွေးနွေးပွဲတွင် မိုက်ကယ်ဂျီးက ထည့်သွင်းပြောကြားသည်။

**စီစဉ်ထား**

၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့ဖလားပွဲနှင့် ၂၀၁၆ ခုနှစ်တွင် ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်ရည်ရွယ်၍ အခြေခံအဆောက်အအုံနှင့် ဆောက်လုပ်ရေးကဏ္ဍအပြင် အခြားစီမံကိန်းများ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

## အီရန်နိုင်ငံတွင် ဓာတ်ငွေ့သိုလှောင်ရုံများ ဆောက်လုပ်

တီဟီရန် ဇူလိုင် ၂

*အီရန်နိုင်ငံက သဘာဝဓာတ်ငွေ့ (ကုဗပေ ၁ ဘီလီယံ) ကုဗမီတာ ၂၈၃၁၆၈၅၀ သိုလှောင်နိုင်သည့် သိုလှောင်ရုံအဆောက်အအုံကို ကွမ်မြို့အနီးတွင် တည်ဆောက်လျက်ရှိသည်။ အဆိုပါသိုလှောင်ရုံသည် လာမည့်မတ်လကုန်တွင်ပြီးစီးမည်ဟု အီရန်အမျိုးသားဓာတ်ငွေ့ကုမ္ပဏီ ဦးဆောင်ညွှန်ကြားရေးမှူးအိုဂျီက ပြောကြားသည်။*

**အစွမ်းကုန်ကြိုးပမ်း**

*အဆိုပါ အဆောက်အအုံတည်ဆောက်ရာ ကနဦးကာလတွင် အခက်အခဲများတွေ့ရပုံကို အိုဂျီကပြောကြားပြီး မတ်လကုန်တွင် ယင်းစီမံကိန်းပြီးပြည့်စုံစေရန် အစွမ်းကုန်ကြိုးပမ်းမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။*

**နိုင်ငံလိုအပ်ချက်**

*အီရန်ဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းတွင် ဓာတ်ငွေ့သိုလှောင်ရုံများစွာ လိုအပ်လျက်ရှိကြောင်း၊ ယခုသိုလှောင်ရုံသုံးရုံ ဆောက်လုပ်ဆဲဖြစ်ကြောင်း၊ နိုင်ငံ၏လိုအပ်ချက်ဖြည့်ဆည်းပေးရန် သိုလှောင်ရုံထပ်မံတည်ဆောက်ရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။* *(အင်တာနက်)*



# ရွှေတောင်မြို့နယ် ပြန်/ဆက်ဦးစီးဌာန မြေစိုက်နံရံကပ်စာစောင် အသစ်ဖွင့်

**ရွှေတောင် ဇူလိုင် ၂**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြေစိုက်နံရံကပ်စာစောင်ပြဘုတ်အသစ် ဖွင့်ပွဲကို ဇွန် ၇ရက် နံနက် ၉နာရီက အဆိုပါ မြေစိုက်နံရံကပ်စာစောင်ပြဘုတ်အသစ်ရှေ့၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်တို့က မြေစိုက်နံရံကပ်စာစောင်ပြဘုတ်အသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**ဖွင့်လှစ်**

အဆိုပါမြေစိုက်နံရံကပ်ပြဘုတ်ကို ဌာနဆိုင်ရာများဖြစ်သည့် မြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက သစ်လှူဒါန်းမှု တန်ဖိုးငွေကျပ် ၁၀၀၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟန်ရှိန်က ငွေကျပ် ၂၅၀၀၀၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး အင်ဂျင်နီယာ ဦးမြင့်ဌေးဦးက ငွေကျပ် ၂၅၀၀၀၊ မြေစာရင်းဦးစီးအရာရှိ ဦးအေးထွန်းက ငွေကျပ် ၁၀၀၀၀တန်ဖိုးရှိ သံဖိနပ်တစ်စုံ စုစုပေါင်းလှူဒါန်းငွေကျပ် ၁၆၀၀၀၀ဖြင့် စိုက်ထူဖွင့်လှစ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ T.I.C ဆရာ ဆရာမများ၊ အလယ်တန်းကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀ခန့် တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



မြစ်ချောင်းများ ရေစီး ရေလာကောင်း မွန် ရေး ဒေ သ တွင်း ငါး အထွက်တိုးရေးနှင့် ငါးရစ် ငါးသန်ဖမ်းဆီးခြင်း မပြုရေးအတွက် မေ ၂၉ရက်က ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦး မြတ် သာ ထွန်း နှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဆန်းဝင်းတို့က ကန်ကြီးထောင့်မြို့နယ် ကြိမ်ချောင်းအတွင်း အဓိက ငါးဝင်ပေါက်များတွင် ပိတ်ဆို့၍ ငါးရစ်ဖမ်းဆီးသူများအားသွားရောက် စစ်ဆေးအရေးယူပြီး ဒါးကချောင်းတံတားအနီး ရေစီးရေလာပိတ်ဆို့မှုမရှိစေရေးအတွက် ဒေသရှိ လူမှုရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ရေလမ်းရှင်းလင်းကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဇွန် ၂၅ရက်က ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးလုံခြုံမှုရှိစေရေးအတွက် လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားရှိမှု၊ လုံခြုံရေးမီး၊ ဆိုင်ခန်းမီးလိုင်းများ ခွဲခြားထားရှိမှုအခြေအနေကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



## စာအုပ်စာပေ လူ့မိတ်ဆွေ

# အနာကြီးရောဂါ ကိုယ်အင်္ဂါချို့ယွင်းမှုကာကွယ်ရေး စီမံချက်သင်တန်းဖွင့်ပွဲ ခင်ဦး၌ကျင်းပ

***ခင်ဦး ဇူလိုင် ၂***

*စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ အခြေခံကျန်းမာရေးဝန်ထမ်းများ အနာကြီးရောဂါ ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေးစီမံချက်သင်တန်းဖွင့်ပွဲကို ဇွန် ၂၁ရက် နံနက် ၉နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က အဖွင့်အမှာစကား ပြောကြားသည်။*

*ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်နိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကိုလည်းကောင်း၊ တိုင်းအနာကြီးရောဂါအထူးကု ဒေါက်တာတင်လှိုင်က အနာကြီးရောဂါ ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။* ***(မြို့နယ် ပြန်/ဆက်)***





# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ အမျိုးသားရေကူးကန်ဝင်း ဂျူဒိုလေ့ကျင့်ရေးစခန်း၌ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အမျိုးသား ၅၅ကီလိုတန်း၊ ၆၀ကီလိုတန်း၊ ၆၆ကီလိုတန်း၊ ၇၃ကီလိုတန်းနှင့် အမျိုးသမီး ၄၈ကီလိုတန်း၊ ၅၂ကီလိုတန်း၊ ၆၃ကီလိုတန်းနှင့် အလွတ်တန်းပြိုင်ပွဲများကျင်းပပြီး တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ဝဲပုံ)**

**(မြန်မာ့အလင်း)**



တာမွေမြို့နယ် ကျောက်မြောင်း ဓမ္မစိန္တာလမ်းနေ ကိုဝင်းမြင့်-မနီနီဝင်း(ခ) မကြည်ပြာနွေးမိသားစုက မနီနီဝင်း(ခ)မကြည်ပြာနွေး၏ (၃၉)နှစ်မြောက်မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၁၁၀၀၀ ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် သူနာပြုအုပ်ဒေါ်မြင့်မေတို့က လက်ခံယူကြစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

### လစ်ဗျားက ပြင်သစ်အတွက်သင်္ဘောတည်ဆောက်မည်

*လစ်ဗျားနိုင်ငံပိုင် အမျိုးသားပို့ဆောင်ရေးကုမ္ပဏီက ပြင်သစ်နိုင်ငံအတွက် ခရီးသည်နှင့် ကုန်တင်သင်္ဘောကြီးတစ်စင်းအား တည်ဆောက်ပေးရန် ဇူလိုင်၂ရက်က စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း၊ ယင်းသင်္ဘောကြီးသည် အာရပ်ကမ္ဘာ၌တည်ဆောက်ခဲ့သည့် သင်္ဘောများအနက် အကြီးဆုံးဖြစ်ကြောင်း လစ်ဗျားအရာရှိများက ပြောကြားသည်။*

### ဟောင်ကောင်အဲလိုင်း မော်စကိုသို့တိုက်ရိုက်ပျံသန်း

*ဟောင်ကောင် အဲလိုင်း ခရီးသည်တင်လေယာဉ် အေ-၃၃၀-၂၀၀ အမျိုးအစားလေယာဉ်သည် ခရီးသည် ၂၇၅ဦးအား တင်ဆောင်ကာ ဇူလိုင်၂ရက်မှစတင်၍ ဟောင်ကောင်မှ မော်စကိုသို့ စတင်ပျံသန်းကြောင်း ဟောင်ကောင်အဲလိုင်းမှ သတင်းထုတ်ပြန်သည်။*

### အိုင်အေအီးအေ ဒုတိယအကြီးအကဲနုတ်ထွက်

*နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ အိုင်အေအီးအေမှ ဒုတိယအကြီးအကဲ အော်လီဟေနိုနင်သည် ဇူလိုင် ၂ရက်က နုတ်ထွက်သွားကြောင်း၊ ၎င်း၏နုတ်ထွက်လွှာကို မိမိလက်ခံလိုက်ပြီဖြစ်ကြောင်း အိုင်အေအီးအေအကြီးအကဲ အမာနိုက ပြောကြားသည်။*

### တရုတ်၌ ရထားလမ်းသစ်နှစ်လမ်း ဖောက်လုပ်မည်

*တရုတ်နိုင်ငံ ဂန်ဆုပြည်နယ် မြို့တော်လန်ကျိုးနှင့် ဘောင်ကျီမြို့သို့ ဆက်သွယ်မည့် ရထားလမ်း၊ လန်ကျိုးမြို့နှင့် စူကျိုးမြို့သို့ ဆက်သွယ်သည့် ရထားလမ်းသစ် နှစ်လမ်းကို ဖောက်လုပ်သွားမည်ဖြစ်ကြောင်း တရုတ် ရထားလုပ်ငန်းအရာရှိများက ဇူလိုင် ၂ရက်၌ ပြောကြားသည်။*

### အယ်လ်ဂျာဇီးရား ရုပ်/သံလိုင်း ဗြိတိန်၌ထုတ်လွှင့်

*ကာတာအခြေစိုက် အယ်လ်ဂျာဇီးယား ရုပ်မြင်သံကြားလိုင်းသည် ဗြိတိန်နိုင်ငံတွင် ဇူလိုင် ၁ရက်မှ စတင်ထုတ်လွှင့်နေပြီဖြစ်ကြောင်း နေ့စဉ် ညနေ ၆နာရီမှ ည ၁၁နာရီအထိ ထုတ်လွှင့်လျက်ရှိကြောင်း အယ်လ်ဂျာဇီးရား ရုပ်မြင်သံကြားလိုင်းက သတင်းထုတ်ပြန်သည်။*

### အစ္စရေးအတွက် သူလျှိုလုပ်ပေးသူနှစ်ဦး ဖမ်းဆီးခံရ

*လက်ဘနွန်နိုင်ငံသားနှစ်ဦးအား အစ္စရေးတို့အတွက် သူလျှိုလုပ်ပေးမှုကြောင့် ဖမ်းဆီးလိုက်ကြောင်း၊ အစ္စရေးထောက်လှမ်းရေးအဖွဲ့အတွက် သူလျှိုလုပ်ပေးမှုကြောင့်ဖြစ်ကြောင်း လက်ဘနွန်အရာရှိများက ဇူလိုင် ၂ရက်၌ သတင်းထုတ်ပြန်သည်။*

### လက်ဘနွန်နှင့် ကုလငြိမ်းချမ်းရေးတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်

*လက်ဘနွန်တပ်ဖွဲ့ဝင်များနှင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင်၂ရက်က လက်ဘနွန်တောင်ပိုင်းဒေသများ၌ ပူးတွဲကင်းလှည့်မှုများ ဆောင်ရွက်ကြကြောင်း လက်ဘနွန်အရာရှိများက သတင်းထုတ်ပြန်သည်။*

### အင်ဒိုနီးရှားတောင်ပိုင်း ကမ်းလွန်၌ ငလျင်လှုပ်

*အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်း ကမ်းလွန်တွင် ဇူလိုင် ၂ရက် နံနက်က ရစ်ချ်တာစကေး ၆.၃ ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။*

### ရုရှား စစ်ယာဉ်အစီး ၅၀ ပါလက်စတိုင်းသို့ပေးပို့

*ရုရှားနိုင်ငံမှ တင့်ကားနှင့် စစ်မော်တော်ယာဉ်အစီး ၅၀ ကို ပါလက်စတိုင်းနိုင်ငံသို့ ပေးပို့လိုက်ပြီဖြစ်ကြောင်း၊ ပါလက်စတိုင်း လုံခြုံရေးတပ်ဖွဲ့အသုံးပြုရန်အတွက်ဖြစ်ကြောင်း ရုရှားအရာရှိများက ဇူလိုင် ၂ရက်၌ သတင်းထုတ်ပြန်သည်။ (အောက်ပုံ)*

*(အင်တာနက်)*



# အင်းလေးကန်ရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်ရန် နည်းလမ်းများဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂

**အင်းလေးကန် ရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်ရန် နည်းလမ်းများ ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်စနာရီက နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။** (အောက်ပုံ)

ထို့နောက် ဝန်ကြီးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဝင်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် စာတမ်းရှင်များသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော ဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ တို့က အမှာစကားပြောကြားကြပြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးငွေးဆင့်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးကျော်ရီ၊ UNDPမှ လက်ထောက်ဌာနေကိုယ်စားလှယ်ဒေါက်တာမင်းထွဋ်ရှင်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးမောင်စိန်၊ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်ဦးနှင့် သစ်တောဦးစီးဌာန စီမံကိန်းနှင့်စာရင်းအင်းဌာနမှ ဦးစီးအရာရှိ ဒေါက်တာမြတ်စုမွန်တို့က အင်းလေးကန် ရေရှည်တည်တံ့ရေးဆိုင်ရာ စာတမ်းခြောက်စောင်ကိုဖတ်ကြားတင်ပြဆွေးနွေးကြသည်။

### ဖတ်ကြားတင်ပြ

ထို့နောက် စာတမ်းဖတ်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးကဆောင်ရွက်ပြီးအင်းလေးကန်ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်၊ တောင်ကြီးတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခ ဒေါက်တာအေးအေးဝင်းကြည်၊ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းမြင့်၊ လုပ်ငန်းခွင်ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွဋ်နှင့် ရန်ကုန်စီးပွားရေး တက္ကသိုလ် အသုံးချဘောဂဗေဒဌာနမှ ပါမောက္ခ ဒေါ်ဖြူဖြူအိတို့က အင်းလေးကန် ရေရှည် တည်တံ့ရေးဆိုင်ရာ စာတမ်းခုနစ်စောင်ကို ဖတ်ကြားတင်ပြကြရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။

### အဖွဲ့လိုက်ဆွေးနွေး

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များက လုပ်ငန်းအဖွဲ့လေးဖွဲ့ခွဲ၍ အဖွဲ့လိုက် ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂ရက်အထိ နှစ်ရက်ကြာ ကျင်းပကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2010





# မန္တလေးခရိုင် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂

အမှတ် (၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဇူလိုင်၁ရက်က မန္တလေးမြို့ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ မန္တလေးခရိုင် ခုနစ်မြို့နယ်မှ မြို့နယ်ပညာရေးမှူးများ၊ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာအလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား တွေ့ဆုံသည်။

### ဆွေးနွေးမှာကြား

အဆိုပါတွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ်က သင်ကြားရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အခြေခံပညာကဏ္ဍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့်အလိုက် ပြည့်ပြည့်ဝဝ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်စေရန် လုပ်ဆောင်ရမည့် နည်းလမ်းများ၊ လိုအပ်ချက်များကိုလည်းကောင်း၊ စာသင်ကျောင်း တစ်ကျောင်းချင်းအလိုက် ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးအတွက် ကျောင်းအဆောက်အအုံများ ပြုပြင်မွမ်းမံထိန်းသိမ်းရေး၊ သင်ကြားမှုအထောက်အကူပြုလုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ရေးကိုလည်းကောင်း ဆွေးနွေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**





# ဒို့ကျေးရွာဂျာနယ်ထွက်နေပြီ

*ရန်ကုန် ဇူလိုင် ၂*

*ဒို့ကျေးရွာဂျာနယ် အတွဲ (၇)၊ အမှတ်(၁၃)ကို ၂၀၁၀ပြည့်နှစ် ဇူလိုင် ၁ရက်က ထုတ်ဝေလိုက်ပြီ ဖြစ်သည်။*

*ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးထွက်လိုလျှင် မြေယာစနစ်တကျပြုပြင်၊ စီးပွားဖြစ်လိုလျှင် ဆီးပင်စိုက်ပါ၊ ဘဲလွတ်ကျောင်းမောင်း စပါးအထွက်ကောင်း၊ စီးပွားဖြစ်အောင် ကွမ်းသီးပင်စိုက်ပါစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ အပူချိန်မြင့်မားလာမှုနှင့် နို့စားနွားမွေးမြူရေး၊ တိရစ္ဆာန်များ၏ကျန်းမာရေးနှင့် အစာကျွေးခြင်းစနစ်၊ပင်လယ်လိပ်မျိုးပြုန်းတီးမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်ပေး၊ ဘဲမွေးခြင်းမှ အမြတ်ရ၊ ကျေးလက်ဒေသဖွံ့ဖြိုးဖို့ ငါးရစ်ငါးသန် ထိန်းသိမ်းစို့ စသည့်မွေးမြူရေးဆောင်းပါးများ၊ အရက်ကပေးသောရောဂါ၊ ပူဒီနာပင်ဆေးဖက်ဝင်၊ ငှက်ပျောတစ်လုံး အသုံးဝင်ပုံ၊ အဝလွန်သူများ လိုက်နာစရာ၊ ဆံကေသာလှပမှုအတွက် မုန်လာဥနီ၊ တားဆီးကာကွယ် ဆေးလိပ်အန္တရာယ်၊ မျက်လုံးအလှလေ့ကျင့်ခန်း၊ အစားအသောက်နှင့် ကျန်းမာရေး စသည့် ကျန်းမာရေးဆောင်းပါးများ၊ မြန်မာအမျိုးသမီးများ၏ ကောင်းမြတ်သော အစဉ်အလာများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါ၊ စစ်အေးတိုက်ပွဲနှင့် ဒီမိုကရေစီအသွင်ကွဲများ စသည့်အသိပညာပေး သုတရသ ဆောင်းပါးများ၊ နီပေါနိုင်ငံ အကြောင်း သိကောင်းစရာ၊ မော်တော်ဆိုင်ကယ်ကို တီထွင်သူ နီကိုးလပ်စ် အော်တို၊ မလေးရှားနိုင်ငံ ရော်ဘာထုတ်လုပ်မှုတိုးမြှင့်မည်၊ အိန္ဒိယ ပဲထုတ်လုပ်မှု အလားအလာကောင်း စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများ၊ အနုပညာရပ်တွေကို ပေးဆပ်တင်ဆက်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်ဆိုတဲ့ တင်မိုးလွင်နှင့် တွေ့ဆုံခြင်း စသည့်အနုပညာသတင်းများ၊ ကိုင်းခုတ်ချိန်ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။*

*ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။*

*ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။*

***(သတင်းစဉ်)***

# သံဖြူဇရပ် ထွေ/အုပ် ဝန်ထမ်းသားသမီးများအား ပညာသင် ထောက်ပံ့ပစ္စည်းပေးအပ်

သံဖြူဇရပ် ဇူလိုင် ၂

သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၀-၂၀၁၁ခု ပညာသင်နှစ်အတွင်း ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန်၂၂ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် ဒုတိယဦးစီးမှူးများ၊ ဝန်ထမ်းမိသားစုများနှင့် ပညာသင်သားသမီးများ တက်ရောက်ကြပြီး မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ဝန်ထမ်းသားသမီးများအား ကျောင်းဝတ်စုံနှင့် ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ **(အောက်ပုံ)** (မြို့နယ် ပြန်/ဆက်)



**ဇွန် ၂၆ရက်က ရန်ကုန်မြောက်ပိုင်းခရိုင်မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးတာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦး ကြီးကြပ်၍ တပ်ကြီးကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။** (မြို့နယ် ပြန်/ဆက်)



# စစ်ကိုင်းခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းခွင်ရက်တိုသင်တန်းဖွင့်

*ရန်ကုန် ဇူလိုင် ၂*

*စစ်ကိုင်းတိုင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ လုပ်ငန်းခွင်ရက်တိုသင်တန်းဖွင့်ပွဲကို ဇွန် ၁၈ရက်က စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်ထွန်းက အမှာစကား ပြောကြားသည်။*

### *ရှင်းလင်းဆွေးနွေး*

*ထို့နောက် ခရိုင်ကော်မရှင် အဖွဲ့ခွဲဝင်များက လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်များနှင့် ကော်မရှင်အဖွဲ့ခွဲဝင်များ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေး ပို့ချကြသည်။*

### *တက်ရောက်*

*အဆိုပါ ရက်တိုသင်တန်းသို့ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ စစ်ကိုင်း၊ မြင်းမူနှင့် မြောင်မြို့နယ်တို့မှ ကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ခဲ့ကြသည်။* ***(သတင်းစဉ်)***

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ မုံရွာခရိုင်၌ ကျင်းပ

## တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး တက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂

**စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးသည် ဇွန် ၂၆ ရက်က စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

ထို့နောက် စစ်ကိုင်းတိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှူးက ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးကအပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကဗျာ၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အလွတ်တန်းပြိုင်ပွဲများ၌ ပထမဆုနှင့် ဗဟိုအထူးဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။ (ယာပုံ)

### ပေးအပ်ချီးမြှင့်

ထို့နောက် တာဝန်ရှိသူများမှ ပြိုင်ပွဲများတွင် (ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိသော မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# အလုပ်သမားဝန်ကြီးဌာန e-Government အသုံးချကွန်ပျူတာ သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

အလုပ်သမားဝန်ကြီးဌာန e-Government အသုံးချကွန်ပျူတာသင်တန်း(အရာထမ်း) အမှတ်စဉ်(၂/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနရုံး စုဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း/အမှုထမ်းများနှင့် သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

### ပေးအပ်

သင်တန်းဆင်းပွဲတွင် ရှေးဦးစွာ ဝန်ကြီး **(အောက်ပုံ)** က အမှာစကားပြောကြားပြီး ထူးချွန်စွာအောင်မြင်ခဲ့သူ သင်တန်းသားများအား ဆုများချီးမြှင့်၍ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

### သင်ကြားပေးခဲ့

အလုပ်သမားဝန်ကြီးဌာနသည် ဝန်ထမ်းများ၏ အရည်အချင်းမြှင့်တင်ရေး၊ e- Government လုပ်ငန်းများကို အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် နည်းပညာအသုံးပြု လုပ်ငန်းခွင်အခြေအနေသို့ ပြောင်းလဲရာတွင် သတင်းအချက်အလက်များ လုံခြုံစွာထိန်းသိမ်းရေးအတွက် အသုံးချကွန်ပျူတာသင်တန်းကို ဇွန် ၇ရက်မှ ဇူလိုင် ၂ရက်အထိ ရက်သတ္တလေးပတ်ကြာ အရာထမ်းများအား သီးသန့် လေ့ကျင့်ပေးခဲ့ခြင်းဖြစ်သည်။ သင်တန်းတွင် Microsoft Office Application အပြင် e-Government & Security Measures, EDMS & GPMS ဘာသာရပ်များကိုပါ သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် Asian Disaster Preparedness Center (ADPC) တို့ ပူးပေါင်းကျင်းပသော သဘာဝဘေး လျော့ပါးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Work on Disaster Risk Reduction)ကို ဇူလိုင်၁ရက် နံနက်၉နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိ ကုမုဒြာဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဦးသန်းမြင့်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ Asian Disaster Preparedness Center (ADPC) Project Manager Mr. Sudhir Kumar က အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးတင်ပြမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူငယ်များ မိမိကိုယ်မိမိ ယုံကြည်မှုနှင့်

## စွမ်းရည်မြှင့်တင်မှု သင်တန်းဖွင့်မည်

**ရန်ကုန် ဇူလိုင် ၂**

လူငယ်များ မိမိကိုယ်မိမိ ယုံကြည်မှုရှိစေရန်နှင့် စွမ်းရည်မြှင့်တင်မှု ရှိစေရန် ရည်ရွယ်၍ Confidence- Building Program သင်တန်းကို ဇူလိုင် ၅ရက်တွင် Business Capacity Building (BCB) Centre၌ ဖွင့်လှစ်မည် ဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်း အောင်မြင်သူများနှင့် ဘွဲ့ကြိုသင်တန်း တက်ရောက်နေသူများအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။

### ပို့ချမည်

သင်တန်းတွင် လူငယ်များအတွက် ပို့ချမည့်အကြောင်းအရာ ၁၁ခု ပါဝင်ပြီး မိမိကိုယ်မိမိ ဝတ်စားဆင်ယင်မှုနှင့် သပ်သပ်ရပ်ရပ် နေထိုင်သွားလာပြုမူစေရန်၊ ပျော်ရွှင်ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်စေရန်၊ ကျင့်ဝတ်သိက္ခာနှင့်အညီ နေထိုင်ဆောင်ရွက်တတ်စေရန်၊ သက်ဆိုင်ရာလုပ်ငန်း၊ အသင်းအဖွဲ့များတွင် ဦးဆောင်ဦးရွက်ပြုနိုင်သော အရည်အချင်းများ ရှိလာစေရန်၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ တိုးတက်လာစေရန်၊ မိမိဘဝကို ကိုယ်တိုင်မြှင့်တင်နိုင်စေရန်၊ ပြောဆိုဆက်ဆံရေးတွင်လည်း ရှင်းလင်းစွာ ပြောဆိုတတ်မှုရှိစေရန်၊အင်္ဂလိပ်ဘာသာစကားကိုယုံကြည်မှုရှိရှိ ပြောဆိုနိုင်စေရန်၊ ကွန်ပျူတာအသုံးပြုမှုတွင် လက်တွေ့ကျကျ အသုံးချတတ်စေရန်နှင့် အင်တာနက် အသုံးပြုရာတွင်လည်း အကျိုးရှိစွာ အသုံးပြုတတ်စေရန် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

### ကာလ

သင်တန်းကာလမှာ ဇူလိုင် ၅ရက်မှ ဩဂုတ်၁၉ရက်အထိဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၉နာရီခွဲမှ မွန်းလွဲ ၁၂နာရီခွဲ တနင်္လာနေ့မှ သောကြာနေ့အထိ တက်ရောက်ရမည် ဖြစ်သည်။

အလားတူ မန်နေဂျာ အသစ်များအတွက် (Management Skills for New Managers) စီမံခန့်ခွဲမှုပညာ သင်တန်းကို ဇူလိုင်၂၀ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

### ဆက်သွယ်စုံစမ်း

သင်တန်းသားဦးရေ ကန့်သတ်လက်ခံမည်ဖြစ်သဖြင့် အသေးစိတ် သိရှိလိုပါက Business Capacity Building (BCB) Centre အခန်း (၄၀၅) အမှတ် ၈ ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အစည်းအဝေးကျင်းပ

***ရန်ကုန် ဇူလိုင် ၂***

*မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်းများမှ အလုပ်အမှုဆောင်များ တွေ့ဆုံဆွေးနွေးညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း ငါးလွှာရှိ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းရုံးခန်း၌ ကျင်းပသည်။*

### *လုပ်ငန်းစဉ်*

*ရှေးဦးစွာ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးသူတော်(အကယ်ဒမီရွှေသန့်စင်လုပ်ငန်း)က အဖွင့်အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူးဦးကျော်ဝင်း(ဦးထုံရွှေပန်းထိမ်ရွှေဆိုင်)က အသင်း၏ ရွှေလုပ်ငန်းစဉ်ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။ ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌဦးကျော်မြင့် (ရွှေမြင်းပျံ ရွှေသန့်စင်လုပ်ငန်း)က အထွေထွေကိစ္စရပ်များကို ဆွေးနွေးရှင်းလင်းတင်ပြသည်။*

### *အတည်ပြုဆုံးဖြတ်*

*ယင်းနောက် ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်းတို့က လုပ်ငန်းအခြေအနေအရပ်ရပ်ကို တင်ပြဆွေးနွေးညှိနှိုင်းကြပြီး အစည်းအဝေး၏ အတည်ပြုဆုံးဖြတ်ချက်ရယူကြသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးသူတော်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။* ***(သတင်းစဉ်)***

## မြဝတီရုပ်မြင်သံကြား

၃-၇-၂၀၁၀ (စနေနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ် ချိုနှားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၃၀ ၄။ ကာတွန်းအစီအစဉ် **အမြွှာစုံထောက်** (အပိုင်း-၁၇)
- ၁၂း၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **ကြေမွှအသည်း** ပြေတီဦး၊ သက်မွန်မြင့်၊ နဝရတ် (ဒါရိုက်တာ- ကိုဇော်၊ အရဏ်ဦး)
- ၁၃း၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄း၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ ချစ်ရိပ်** (အပိုင်း-၄၈)

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွှဲ
- ၄း၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၅ ၅။ မြန်မာသံစဉ် ချိုနှားဝင်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၃။ **စားဖိုဆောင်ချစ်သူ**
- ၆း၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၄၁)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ အင်္ဂလိပ်စာသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) အာဂျင်တီးနားနှင့် ဂျာမနီ**
- ၂၃။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၆)

**၄-၇-၂၀၁၀ ရက် (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၀၁း၀၀ ၁။ **၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) ပါရာဂွေးနှင့် စပိန်**



# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့

## စုပေါင်းသွေးလှူဒါန်း

**ပုသိမ် ဇူလိုင် ၂**

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့မှကျင်းပသည့် ၂၀၁၀ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်း သွေးလှူဒါန်းပွဲကို ဇွန်၂၇ရက်က ပုသိမ်မြို့ ဆရာဝန်အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### သွေးလှူဒါန်း

အဆိုပါအခမ်းအနားသို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အခြားလူမှုရေး အသင်းအဖွဲ့များ တက်ရောက်ခဲ့ပြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ၄၀တို့က စုပေါင်းသွေးလှူဒါန်းကြသည်။ ထို့နောက် ပုသိမ်ဆေးရုံကြီးသို့ Double Bag အိတ်၁၀၀နှင့် ငွေကျပ်သုံးသိန်း၊ သွေးလှူရှင်များအား နို့၊ ကြက်ဥ၊ ကွေကာအုပ်ထုပ်၊ အိုဗာတင်းဘူးနှင့် အားဆေးများ ထောက်ပံ့လှူဒါန်းပေးခဲ့ကြသည်။**(အပေါ်ပုံ)(ခရိုင် ပြန်/ဆက်)**

# တိုင်းရင်းစုံညီ ပျိုမဒီ၊ တီထွင်ဆင်သ ရိုးရာအလှ

ခင်ဦး

နောက်…တစ်ခါလာပြန်ပြီဟေ့…ဟေ…ဟေ..ဝါး။ နားပန်းဆံသီချင်းကို အားလုံးကြားဖူးကြမှာပါ။ မြိုင်မြိုင်ဆိုင်ဆိုင် ခွန်အားပါပါ ဆိုထားသည့် နားပန်းဆံသီချင်းထဲကလိုပါပဲ နောက်…တစ်ခါ လာကြပြန်ပါပြီ။

ကျွန်မတို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များသာမက မြန်မာအမျိုးသမီးထုတစ်ရပ်လုံး အလေးထားအမြတ်တနိုးရှိကြရသည့် မြန်မာအမျိုးသမီးများနေ့ကို ရောက်ရှိလာပြီဖြစ်ပါသည်။ နှစ်စဉ် ဇူလိုင်လ ၃ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့ဟု ၁၉၉၆ ခုနှစ်ကတည်းက သတ်မှတ်၍ အထိမ်းအမှတ် ပွဲမျိုးစုံကို ကျင်းပလေ့ရှိကြပါသည်။

ပညာရေးဝန်ကြီးဌာနကထုတ်ဝေသည့် ပထမတန်း မြန်မာဖတ်စာက **'တို့နိုင်ငံမိသားစု'**ဆိုသည့် သရုပ်ဖော်ပုံလေးကို အလွန်ပဲနှစ်ခြိုက်မိပါသည်။ ကျွန်မတို့ငယ်ငယ်က မြန်မာပြည်၏မြေပုံကို အိမ်မြောင်လေးနှင့်တူသည်။ မကိုင်နှဲဆောင်းထားသည့် နတ်သမီးပုံလေးနှင့်တူသည်ဟု အမျိုးမျိုးမှည့်ခေါ်ခဲ့ကြပါသည်။ ဖတ်စာထဲက **'တို့နိုင်ငံမိသားစု'** မှာ ခေါင်းတစ်လုံး၊ လက်နှစ်ဖက်၊ ခြေထောက်လေး တစ်ချောင်းဖြင့်ရပ်လျက် အချိုးအစားကျနလှသော မြန်မာပြည်မြေပုံကို တွေ့ကြရမည်ဖြစ်ပါသည်။ အမိမြန်မာပြည်၏ မြစ်ကြီးလေးစင်းဖြစ်သော ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းသည် လူတစ်ယောက်၌ မြင်တွေ့ကြရသည့် သွေးကြောလေးများသဖွယ် ဖြစ်ပါသည်။

ကျွန်မတို့နိုင်ငံမိသားစုဝင်များ၏ ပုံသဏ္ဌာန်နှင့်တည်ရှိရာနေရာ ဖော်ပြမှုသည်လည်း စိတ်ဝင်စားစရာ ကောင်းလှပါ၏။ နိုင်ငံ၏ ဟိုး မြောက်ဘက်ဦးခေါင်းပိုင်းရှိ မေခနှင့်မလိခစတင်စီးဆင်းရာနေရာတွင် ကချင်လူမျိုးများ နေထိုင်ကြပါသည်။ အနောက်မြောက်ဘက်ကိုကြည့်လိုက်လျှင် ချင်းလူမျိုးများရှိသည်။ ဟော-အရှေ့ဘက်တည့်တည့် သံလွင်မြစ်၏အနောက်ခြမ်းနှင့် အရှေ့ခြမ်းတွင် ရှမ်းမျိုးနွယ်စုများ တစုတဝေးတည်း နေထိုင်ကြပါသည်။ ရှမ်းတောင်တန်းများနှင့် တစ်ဆက်တည်း အရှေ့တောင်ဘက်တွင် ကယားလူမျိုးများရှိပါသည်။ အနောက်ဘက်ပင်လယ်နား၌ နေကြသူများမှာ ရခိုင်လူမျိုးများဖြစ်ပါသည်။ တောင်ဘက်တည့်တည့်ကို ဆက်ထွက်လိုက်မည်ဆိုလျှင် ဗမာလူမျိုးများကို အနှံ့အပြားတွေ့ရမှာ ဖြစ်ပါသည်။ အမိနိုင်ငံ၏ ခြေထောက်ကလေးနေရာ အရှေ့တောင်ဘက်တွင် သားချင်းများဖြစ်ကြသည့် ကရင်နှင့် မွန်များ နေထိုင်ပါသည်။ **'တို့နိုင်ငံမိသားစု'**လို့ အမည်တပ်ထားသော အိမ်ကြီးတွင် အိမ်ဦးခန်းမှအစပြု၍ အိမ်နေရာအနှံ့အပြား၌ သားချင်းများ အတူတကွ ပျော်ရွှင်စွာ ပူးပေါင်းနေထိုင်လျက်ရှိကြပါသည်။

ကျွန်မတို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ကျော်ရှိသည့်အနက် အာရှတိုက်၏ အရှေ့တောင်ဘက်မှာ တည်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်ပါသည်။

တိုင်းရင်းသားမျိုးနွယ်စုတိုင်းတွင် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စကားများရှိကြသည့်အပြင် အမူအကျင့်၊ ဓလေ့ထုံးစံ၊ ယုံကြည်မှု၊ ဘာသာစကား၊ အနုပညာ၊ ရိုးရာဝတ်စားဆင်ယင်မှု၊ နေထိုင်စားသောက်မှု၊ ရိုးရာပွဲတော်များရှိကြပါသည်။ ရေမြေတောတောင်သဘာဝ ရာသီဥတုများကြောင့်လည်းကောင်း၊ တောင်ပေါ်ဒေသ၊ မြေပြန့်ဒေသ၊ ကမ်းရိုးတန်းနှင့် ကျွန်းများမှာ နေထိုင်ကြသည့်အတွက်ကြောင့်လည်းကောင်း မျိုးနွယ်စုတစ်စုနှင့် တစ်စု ဝတ်စားပုံ၊ နေထိုင်ပုံတွေ ကွဲပြားသွားကြသော်လည်း အားလုံးသည် မြန်မာလူမျိုးများသာ ဖြစ်ကြပါသည်။

မည်သို့ပင်ကွဲပြားစေကာမူ လူမျိုးအလိုက် ရိုးရာဓလေ့ထုံးစံနှင့်အညီ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများမှာ အမြဲတမ်းရှိနေမည်သာဖြစ်သည်။ တိမ်ကောပပျောက်မှုမရှိစေရေးအတွက် မျိုးဆက်သစ်လူငယ်လူရွယ်တိုင်း လက်ဆင့်ကမ်းအမြတ်တနိုး ထိန်းသိမ်းသယ်ဆောင်ကြရမည်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။ လူမှာအမျိုး၊ ကြက်မှာအရိုး ဟူသော ဆိုရိုးစကားအတိုင်း မိမိလူမျိုး၏ အစဉ်အဆက်ထိန်းသိမ်းခဲ့သော ကိုယ်ပိုင်ယဉ်ကျေးမှုများ၊ မိမိတို့လက်ထဲရောက်မှ ငုပ်လျှိုးပျောက်ကွယ်သွားမည်ဆိုလျှင် သမိုင်းကြောင်းတွင် အမည်းစက်အဖြစ် ကျန်ရှိနေမည်သာဖြစ်သည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများသည် ထဘီနှင့်အင်္ကျီကို အရင်းခံဝတ်ဆင်ကြသူများဆိုသည့် ပုံရိပ်ကို ကမ္ဘာကလက်ခံထားကြပါသည်။ ခေတ်ရေစီးကြောင်းအလိုက် လုပသိမ်မွေ့စွာ ဝတ်စားဆင်ယင်မှုများကို အပြစ်မပြောလိုသော်လည်း မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာ့စရိုက်နှင့် ကိုက်ညီဆီလျော်အောင် တိုင်းတစ်ပါး ယဉ်ကျေးမှုများ မျက်လုံးစုံမှိတ်ပြီး ပုံတူကူးချခြင်းမျိုးမဖြစ်အောင် ယဉ်ယဉ်ကျေးကျေး ဝတ်ဆင်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

သူများ၏ယဉ်ကျေးမှုကို မိမိယဉ်ကျေးမှုကဲ့သို့ လက်ခံကျင့်သုံးပါက မိမိကိုယ်တိုင်းဖြင့်ချုပ်ထားသည့် အင်္ကျီမဟုတ်ဘဲ အခြားသူ၏အင်္ကျီကို အငှားဝတ်ဆင်ထားသကဲ့သို့ အချိုးကျ လှပမှာမဟုတ် ဆိုသည်ကို နားလည်လက်ခံကြရမည်ဖြစ်ပါသည်။ ဤသို့နားလည်လက်ခံနိုင်ရန် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ရိုးရာမပျက် သိမ်မွေ့သည့် ဆင်ယင်ထုံးဖွဲ့မှုများကို အမြဲတမ်း လှုံ့ဆော်စည်းရုံးနေသည့်အဖွဲ့အစည်းမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ပင်ဖြစ်ပါသည်။

နှစ်စဉ် မြန်မာအမျိုးသမီးများနေ့ ဇူလိုင်လ ၃ရက်နေ့ရောက်တိုင်း အထိမ်းအမှတ်ပွဲအဖြစ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို စီစဉ်ပြသခဲ့ကြသည်မှာ ယခု ၂၀၁၀ခုနှစ်တွင် ပြသမည့်အကြိမ်နှင့်ဆိုလျှင် ခုနစ်ကြိမ်ရှိပြီဖြစ်ပါသည်။ အကြိမ်တိုင်း အကြိမ်တိုင်း ရိုးရာဓလေ့ထုံးမပျက် ဆင်ယင်ထုံးဖွဲ့မှုကိုအခြေခံ၍ လူမျိုးအလိုက် ဆင်ယင်ထုံးဖွဲ့မှု၊ ခေတ်အဆက်ဆက် အချိန်ကာလအလိုက် ဆင်ယင်ထုံးဖွဲ့မှု၊ မြန်မာလရာသီပွဲတော်များအလိုက် ဆင်ယင်ထုံးဖွဲ့မှု၊ အသက်အရွယ်အလိုက် ဆင်ယင်ထုံးဖွဲ့မှုစသည်ဖြင့် မျိုးဆက်သစ်သမီးငယ်များ အတုယူ အားကျဝတ်ဆင်လာအောင် တစ်နှစ်ထက်တစ်နှစ် အမြင်မရိုးအောင် အသွင်အမျိုးမျိုးဖြင့် စိတ်ကူးပုံဖော်ပြသခဲ့ကြပါသည်။ ယခုနှစ်တွင်တော့ **'တိုင်းရင်းစုံညီ ပျိုမဒီ၊ တီထွင်ဆင်သ ရိုးရာအလှ'** ဆိုသည့်ခေါင်းစဉ်ကို အခြေခံပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုးကြီးများအလိုက် ၄င်းတို့ဒေသထွက် ချည်ထည် ပိုးထည်များကို ဝတ်ဆင်ပြသခဲ့ကြပါသည်။ ချည်ထည် ပိုးထည် တိုင်းရင်းဖြစ်အထည်များဖြင့် လှပစွာ တီထွင်ပုံဖော်ပေးခဲ့သည့် ဒီဇိုင်နာများမှာ ပြည်စိုးအောင်၊ မပုံ့၊ Do Zo၊ ဆန်းဘောက်ရာ၊ ဂျိုကာတို့ဖြစ်ကြပြီး၊ နာမည်ကျော်ရုပ်ရှင်သရုပ်ဆောင်များနှင့် ဂျွန်လွင်ဦးစီးသည့် Stars and models agency မှ မော်ဒယ်လ်လေးများက ပါဝင်သရုပ်ဖော် တင်ဆက်ပေးခဲ့ကြပါသည်။ တေးဂီတဖျော်ဖြေတင်ဆက်မှုကို နောင်နောင် (Sun Flower) ၏ပံ့ပိုးကူညီမှုဖြင့် Cobra-H တေးဂီတအဖွဲ့မှ နာမည်ကျော်အဆိုတော်များက ဝိုင်းဝန်းအားဖြည့်ပေးခဲ့ကြပါသည်။ အမျိုးသမီးငယ်များ အလှအပခြယ်မှုန်းမှုအတွက် တာဝန်ယူပေးခဲ့သူမှာ မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့ဖြစ်ပါ၏။ ထို့အပြင် ရှေ့ပွဲလာ ဧည့်ပရိသတ်များ အပျင်းတော်ပြေစေရန် လူရွှင်တော် Five Stars အဖွဲ့နှင့်အတူ ဝက်မတို့က ဟာဒယရွှင်ဆေးတိုက်ကျွေးခဲ့ကြပါသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ဆရာကေတုဝင်းထွဋ် စပ်ဆိုထားသည့် **'မြတ်မျိုးမြင့်မှန် မြန်မာမြေ'**သီချင်းကို အဆိုတော် ယဉ်ဝေယံထွန်းက မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုဖျော်ဖြေပေးခဲ့ပါသည်။

ဒို့တာဝန်အရေး(၃)ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးဟူသည့် အဓိကအချက်ကို အခြေခံပြီး အမိမြန်မာပြည် အိမ်ကြီးအတွင်းမှာရှိသည့် တိုင်းရင်းသားတို့နေထိုင်ကြသည့် ရေမြေသဘာဝအလှအပများ၊ ဓလေ့ထုံးစံရိုးရာပွဲများ၊ လက်မှုအနုပညာများ၊ အကအလှများ၏ပုံရိပ်များနှင့်အတူ အစီအစဉ်ကျနစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ညီအစ်မများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ကြသည့် ပုံဖော်တင်ဆက်မှုများကို ၂၀၁၀ခုနှစ် ဇွန်လ ၂၄ရက်နေ့က ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကြည့်ရှုခံစားခဲ့ကြသူများအားလုံး စိတ်ကျေနပ်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။ ။

> **ခေတ်ရေစီးကြောင်းအလိုက် လုပသိမ်မွေ့စွာ ဝတ်စားဆင်ယင်မှုများကို အပြစ်မပြောလိုသော်လည်း မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာ့စရိုက်နှင့်ကိုက်ညီဆီလျော်အောင် တိုင်းတစ်ပါး ယဉ်ကျေးမှုများ မျက်လုံးစုံမှိတ်ပြီး ပုံတူကူးချခြင်းမျိုးမဖြစ်အောင် ယဉ်ယဉ်ကျေးကျေး ဝတ်ဆင်ကြရန် လိုအပ်မည်ဖြစ်။ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ရိုးရာမပျက် သိမ်မွေ့သည့် ဆင်ယင်ထုံးဖွဲ့မှုများကို အမြဲတမ်းလှုံ့ဆော်စည်းရုံးနေသည့် အဖွဲ့အစည်းမှာ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်ပင်ဖြစ်။**

## မြန်မာအမျိုးသမီးများ

* ထူးခြားဂုဏ်အင်၊ ရိုးရာစဉ်လာ
ဘာသာတရား၊ ဦးထိပ်ထား၍
ဘိုးဘွားမိဘ၊ ရိုသေကြကာ
မြတ်လှဆရာ၊ လေးစားစွာဖြင့်
ဂါရဝပြု၊ ယဉ်ကျေးမှုကို
အတုမြင်ကြ၊ ရှုယ်အစဝင်
ငယ်ကပင်သိ၊ ရင်စွဲငြိကာ
ဇာတိဂုဏ်မြင့်၊ မျိုးဂုဏ်တင့်၍
ဂုဏ်ဖြင့်ဝင့်ကြွား၊ မြန်မာအမျိုးသမီးများ….။

* ဘဝထဲဝင်၊ အိမ်ထောင်ရှင်သည်
မိခင်စိတ်များ၊ လွှန်မြင့်မား၍
သားကိုချစ်ခင်၊ အမွှမ်းတင်ကာ
ခင်ပွန်းလင်အား၊ အလေးထား၍
မယားပီပြင်၊ ကိုယ့်အရှင်ကို
အကြင်နာထား၊ ဝတ္တရားကျေ
လေးစားစေရာ၊ ကိုယ့်ဝန်တာကို
စဉ်လာမမေ့၊ ထုံးဓလေ့နှင့်
မရွေ့သစ္စာ၊ မြဲခိုင်မာသည်
မေတ္တာစိတ်ထား၊ မြန်မာအမျိုးသမီးများ….။ ။

နန်းမွန်ဟိန်း

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၇ရက်
(အဖိတ်နေ့)
၃-၇-၂၀၁၀ (စနေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၁၀ ၇။ အကပြိုင်ပွဲ
၈း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၂၅ ၉။ စွမ်းအားပြည့်ထုတ်လုပ်ထားပလတ်စတစ်ထုတ်ကုန်များ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ အန္တရာယ်ဆိုတာလက်တစ်ကမ်းမှာ
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၁၀ ၅။ Yan Can Cook
၁၂း၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၂၁)
၁၃း၃၅ ၇။ **မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဇာတ်လမ်း အိပ်မက်ထဲကကောင်းကင်** မေကဗျာ၊ ချစ်စနိုးဦး၊ ပွင့်နဒီမောင်၊ တင့်တင့်ထွန်း၊ စိုးမြတ်နန္ဒာ၊ ဝိုင်းစုခိုင်သိန်း၊ နန္ဒ၊ သားညီ (ဒါရိုက်တာ-ညိုမင်းလွင်)
၁၄း၄၀ ၈။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၁၄း၅၀ ၉။ International News
၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၅ ၄။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှု အစီအစဉ် (ပြည်သူ့အတွက် မြန်မာ့အသံ)
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ အထူးပြု) (စီးပွားရေးပညာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တေးများ
၅း၁၅ ၈။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၀ ၉။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း- ၉)
၅း၄၀ ၁၀။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၃၅ ၁၄။ ယဉ်တစ်ကိုယ်မယ် (ဂန္ဓဝင်)
၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း- ၁၇)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ စည်းလုံးတဲ့မြေ စန္ဒရားမောင်လှအေးနှင့်အဖွဲ့ တေးရေး-မောင်သဲကြည် (မအူပင်)
၂၀။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၃၈)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၂၁)
၂၂။ ဂီတတံခါးလေးဖွင့်ပါဦး
၂၃။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ၂၀၁၀ခုနှစ် ဇူလိုင်လ ၃ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် **တိုင်းရင်းစုံညီ ပျိုမဒီ၊ တီထွင်ဆင်သ ရိုးရာအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ** (အပိုင်း-၁)
၂၄။ အစီအစဉ်ပြီး၏။

## နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဂေါက်သီးရိုက်လက်ရည်စစ်ပြိုင်ပွဲ ကျင်းပမည်

*ရန်ကုန် ဇူလိုင် ၂*

*မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲများသို့ နိုင်ငံကိုယ်စားပြု ဂေါက်သီးရိုက်အသင်းများဖွဲ့စည်း၍ သွားရောက်ယှဉ်ပြိုင်ရန် ဂေါက်သီးလက်ရည်စစ်ပြိုင်ပွဲကို ဇူလိုင် ၁၃ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။*

*အဆိုပါလက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲအမျိုးအစားအနက် အမျိုးသား(က)တန်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် စက်တင်ဘာ ၂၇ရက်တွင် အသက် (၁၈)နှစ်ထက် မကြီးကြသူများနှင့် အမျိုးသား(ခ)တန်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် စက်တင်ဘာ ၂၇ရက်တွင် အသက် (၁၇)နှစ်ထက်မကြီးကြသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲတွင် လက်ရည်မီပါက အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်ဖြစ်ပြီး အသက်မှန်ကန်ကြောင်း အထောက်အထားအတွက် ပုံစံ(၁၀)၊ အမျိုးသားမှတ်ပုံတင်နှင့် မွေးစာရင်းကို တင်ပြနိုင်ရမည်ဖြစ်သည်။*

*အမည်စာရင်းပေးသွင်း*

*လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဇူလိုင် ၁၁ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ **Han Events Management Dept** မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၁-၆၅၁၃၇၄ တို့သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။*

*(သတင်းစဉ်)*

## ပေါက်ခေါင်း၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

**ပေါက်ခေါင်း ဇူလိုင် ၂**

ပေါက်ခေါင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ကျင်းပသော ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းကို ပေါက်ခေါင်း အထက ရွှေရတုခန်းမ၌ ဇွန် ၂၇ရက် နံနက် ၈ နာရီက ကျင်းပသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲတွင် ပေါက်ခေါင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအေးဟန်၊ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင် ဦးဝင်းမြင့်တို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပို့ချကြသည်။ ထို့နောက် သင်တန်း တက်ရောက်သူများ၏ သိလိုသည့်အချက်များကို ပြန်လည်ဆွေးနွေး ရှင်းလင်းကြရာ အဆိုပါ သင်တန်းသို့မဲရုံမှူး ၂၀၉ဦး၊ ဒုတိယမဲရုံမှူး ၂၀၉ ဦး စုစုပေါင်း သင်တန်းသား ၄၁၈ဦး တက်ရောက်ကြသည်။ **(မြို့နယ်ကော်မရှင်အဖွဲ့ခွဲ)**



မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြလမ်း/ တံတားရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ဖြစ်သော မြို့မအရှေ့ရပ် ဘိုးနေဒွန်းလမ်း ကျောက်ချော ခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအောင်ကိုကိုဦးက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ကျောက်များစုဆောင်းထားရှိမှုအခြေအနေကို တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဇော်မင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

## သနပ်ပင် ထွေ/အုပ် ဦးစီးဌာန ပညာသင်ထောက်ပံ့ကြေးပေးအပ်

*သနပ်ပင် ဇူလိုင် ၂*

*၂၀၁၀-၂၀၁၁ပညာသင်နှစ် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၅ရက်က သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။*

*အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်းက အမှာစကားပြောကြားပြီး တက္ကသိုလ်အဆင့် ၁၀ ဦး၊ အထက်တန်းအဆင့် ၁၂ ဦး၊ အလယ်တန်းအဆင့် ၁၄ဦး၊ မူလတန်းအဆင့် ၂၅ ဦး၊ စုစုပေါင်း ၆၁ ဦးတို့အတွက် ထောက်ပံ့ငွေ ၁၉၀၀၀၀ ကျပ် နှင့် စာရေးကိရိယာများကို မြို့နယ်အုပ်ချုပ်ရေးမှူးမှ ဒုဦးစီးမှူး ဦးအောင်နိုင်မိုးနှင့် ဒေါ်ခင်သူဇာသောင်းတို့အား ပေးအပ်သည်။* ***(မြို့နယ်ပြန်/ဆက်)***

## ဟသ်ာတခရိုင် ခြောက်မြို့နယ်အတွင်း သဘင်အစည်းအရုံးများ ညှိနှိုင်းစည်းဝေး

**ဟသ်ာတ ဇူလိုင် ၂**

မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)နှင့် ဟသ်ာတခရိုင်ခြောက်မြို့နယ် သဘင်အစည်းအရုံးများ၏ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁ရက် နံနက် ၁၀ နာရီက ဟသ်ာတမြို့နယ်သဘင်အစည်းအရုံး အဆောက်အအုံ၌ ကျင်းပရာ သဘာပတိ ဟသ်ာတမြို့နယ်သဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်သောင်း၊ ဟသ်ာတခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးချစ်ရွှေ၊ဟသ်ာတမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးရဲခွေး နှင့်အတွင်းရေးမှူး ဦးအောင်တင်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

**ချမှတ်**

အစည်းအဝေးတွင် ဟသ်ာတခရိုင် ခြောက်မြို့နယ် သဘင်အစည်းအရုံးများက ဟသ်ာတခရိုင်အတွင်း၌ သဘင်လုပ်ငန်း အသီးသီးကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)၏ ဦးဆောင်စီစဉ်မှုဖြင့် ဟသ်ာတခရိုင် သဘင်လုပ်ငန်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရန် ညှိနှိုင်းသဘောတူ ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသည်။ **(မြန်မာနိုင်ငံသဘင်အစည်းအရုံး)**

## ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

**ကျောက်ထု ဇူလိုင် ၂**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ၂၀၁၀ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ ရပ်ကွက် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်လုပ်ငန်းသင်တန်းကို ဇွန် ၂၁ရက် နံနက် ၇ နာရီက ကျောက်ထုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးငွေမောင်နှင့်အဖွဲ့ဝင်များ စုစုပေါင်း ၁၆၀တက်ရောက်ကြသည်။ ဆွေးနွေးပို့ချမှု သင်တန်းဖွင့်ပွဲတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌတို့က ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်လုပ်ငန်းများကို ဆွေးနွေးပို့ချကြသည်။ **(မြို့နယ်ပြန်/ဆက်)**

## ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ



**➤ အာကာဟိန်း - စုစည်းသည် ➤**

### မက်ဆီ တုပ်ကွေးဖြစ်၍ မလေ့ကျင့်နိုင်

*အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီသည် တုပ်ကွေးဖြစ်ပြီးဖျားနေသဖြင့် ဇူလိုင် ၂ရက်က လေ့ကျင့်ရေးမပြုလုပ်နိုင်ကြောင်း၊ သို့သော် ဂျာမနီနှင့် ကွာတားဖိုင်နယ်ပွဲ၌ ပါဝင်ကစားမည်ဖြစ်ကြောင်း အာဂျင်တီးနားအသင်း တာဝန်ရှိသူများက ပြောကြားသည်။*

### ဂျာမနီအသင်းခေါင်းဆောင် ဖီးလစ်လမ်းက အနိုင်ကစားမည်ဟုဆို

*ဂျာမနီအသင်းခေါင်းဆောင် ဖီးလစ်လမ်းက မိမိတို့ဂျာမနီအသင်းသည် အာဂျင်တီးနားအသင်းအား အနိုင်ကစားနိုင်သည့်စွမ်းအား အပြည့်အဝရှိကြောင်း ဇူလိုင် ၂ ရက်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။*

### အမေရိကန်ပရိသတ်တစ်ဦး ပစ်ခတ်ခံရ

*တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့တွင် သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အမေရိကန်ပရိသတ်တစ်ဦး ဇူလိုင်၂ရက်၌ ဒဏ်ရာရရှိခဲ့ကြောင်း ဂျိုဟန်နစ္စဘတ်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။*

### နည်းပြဂျိုအာချင်လိုက အနိုင်ရမည်ဟု ယုံကြည်

*ဂျာမနီအသင်းနည်းပြ ဂျိုအာချင်လိုက အင်္ဂလန်အသင်းကို အနိုင်ယူခဲ့သည့် ခြေစွမ်းမျိုးကစားလျှင် အာဂျင်တီးနားကို အနိုင်ရမည်ဟု မိမိယုံကြည်နေကြောင်း ဇူလိုင်၂ရက်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။*

### တောင်ကိုရီးယားနည်းပြ နုတ်ထွက်

***၂၀၁၀ကမ္ဘာ့ဖလားပွဲ၌ ဥရုဂွေးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသော တောင်ကိုရီးယားအသင်းနည်းပြ ဂျန်ဟွတ်မူးသည် နည်းပြအဖြစ်မှ နုတ်ထွက်သွားကြောင်း ဇူလိုင် ၂ရက်၌ တောင်ကိုရီးယားဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။***

### ဂျာမနီအသင်း အကျပ်အတည်း တွေ့ဖွယ်ရှိ

*ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အာဂျင်တီးနားနှင့် ယှဉ်ပြိုင်ရမည့်ပွဲတွင် ဂျာမနီအသင်း အကျပ်အတည်းတွေ့နိုင်ကြောင်း၊ အနိုင်ရရန် မလွယ်ကြောင်း ဂျာမနီနည်းပြဟောင်း လိုသာမာသီးယပ်စ်က ဇူလိုင်၂ရက်၌ ပြောကြားသည်။*

### အာဂျင်တီးနားတို့ နည်းစနစ်ပြောင်းလဲရန်လိုအပ်ဟု ပီလီပြောကြား

***ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဂျာမနီနှင့်ယှဉ်ပြိုင်ရမည့် အာဂျင်တီးနားအသင်းသည် နည်းစနစ်နှင့် ကစားပုံပြောင်းလဲရန် လိုအပ်ကြောင်း၊ နည်းပြမာရာဒိုနာအနေဖြင့် အကောင်းဆုံးစွမ်းဆောင်ရန် အရေးကြီးကြောင်း ပီလီက ဇူလိုင် ၂ရက်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။***

### ပေါ်တူဂီနည်းပြ ကွီရောဇ် နုတ်ထွက်မည်မဟုတ်

*၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ ထွက်ခဲ့ရသော်လည်း မိမိသည် ပေါ်တူဂီနည်းပြအဖြစ်မှ နုတ်ထွက်မည်မဟုတ်ကြောင်း နည်းပြကွီရောဇ်က ဇူလိုင် ၂ ရက်၌ ထုတ်ဖော်ပြောကြားသည်။*

### ဒိုင်လူကြီးဆိုင်ရာ ပီဖာဆွေးနွေး

*၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်၊ အကြိုဗိုလ်လုပွဲနှင့် နောက်ဆုံးဗိုလ်လုပွဲများတွင် ဒိုင်လူကြီးများ၏ တာဝန်ဆောင်ရွက်မှုအပိုင်း အပါအဝင် အခြားကိစ္စရပ်များကို ဇူလိုင် ၂ ရက်၌ ဆွေးနွေးခဲ့ကြကြောင်း သတင်းထုတ်ပြန်သည်။ ။ (အင်တာနက်)*



ဇွန် ၂၄ ရက်က နွားထိုးကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှတ်(၅) ရပ်ကွက် အတွင်းရှိ ရေမြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းနှင့် ပိုးလောက်လမ်း နှိမ်နင်းသည့် အဘိတ်ဆေးထည့်ခြင်းကို အဖွဲ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညာဏ်မျိုးနှင့် နွားထိုးကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကံချွန်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## မြန်မာ့အလင်း ကမ္ဘာ့အားကစားသတင်း အတိုအထွာ

**ချစ်စိုးနိုင် - စုစည်းတင်ပြသည်**

### အငယ်ဆုံးဆုကြေးစားလက်ဝှေ့သမား မင်ဒီ ဖြစ်လာ

***ဗြိတိန်နိုင်ငံ ဘက်ရှိုင်းယားနယ်မှ ဗြိတိသျှလက်ဝှေ့သမားဖြစ်သည့် အသက် ၁၉ နှစ်ရှိ ပက်ထရစ်မင်ဒီသည် ဇွန် ၃၀ရက်က ဆုကြေးစားလက်ဝှေ့ပြိုင်ပွဲတွင် ပြိုင်ဘက် လက်ဝှေ့သမားများဖြစ်ကြသည့် ဆမ်လက်တန်၊ ဒါနီယယ်ကက်ဒမန်းနှင့်ပေါလ်ဒေးဗစ် တို့အား ဗိုလ်လုပွဲတွင် အနိုင်ထိုးသတ်ကာ ဆုကြေးစားလက်ဝှေ့သရဖူကို ရယူခဲ့သည့် ကမ္ဘာ့အငယ်ဆုံး လက်ဝှေ့သမားဖြစ်လာသည်။***

### ဒဗလျူဘီအိုလက်ဝှေ့သရဖူ ကလဲဗားလီးနှင့် မူရက် လုမည်

*ဥရောပလိုက်ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ နသန်ကလဲဗားလီးသည် ဒဗလျူဘီအို လက်ဝှေ့သရဖူလုပွဲအဖြစ် လာမည့် စက်တင်ဘာ ၁၈ရက်တွင် ဘာမင်ဂမ်မြို့ အယ်လ်ဂျီ အားကစားရုံကြီးတွင် ပြိုင်ဘက်လက်ဝှေ့သမား ကာရီမူရက်နှင့် ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်သည်။*

### အိုင်ဘီအက်ဖ်လက်ဝှေ့သရဖူ ဝလာဒီမီရ်ကလစ်ရှကို ကာကွယ်မည်

***လက်ဝှေ့ကျော် ဝလာဒီမီရ်ကလစ်ရှကိုသည် ဗြိတိသျှလက်ဝှေ့သမား ဒေးဗစ်ဟာ ရေးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့်ရက်ကို ရွှေ့ဆိုင်းလျက် ၎င်း၏အိုင်ဘီအက်ဖ်ဟဲဗီးဝိတ် လက်ဝှေ့သရဖူကိုကာကွယ်ရန်အတွက် ရုရှားလက်ဝှေ့သမား အလက်ဇန္ဒြားဗိုပိုဗက်ကင် နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း၊ ယှဉ်ပြိုင်ထိုးသတ်မည့်ရက်ကိုမူ မသတ်မှတ်ရ သေးကြောင်း ကြေညာသည်။***

### မာဂါရီတိုနှင့် ယှဉ်ပြိုင်ထိုးသတ်ရေးနီးစပ်ဟု ရှိဒက်စ် ပြောကြား

*လက်ဝှေ့သမား ရှိင်ယန်ရှိဒက်စ်က လစ်လပ်နေသော ဒဗလျူဘီစီ ကမ္ဘာ့လိုက်မစ်ဒယ် ဝိတ်သရဖူရယူရေးအတွက် မက္ကဆီကိုလက်ဝှေ့သမား အန်တိုနီယိုမာဂါရီတိုနှင့် ယှဉ်ပြိုင် ထိုးသတ်ရန် ၎င်း၏ပစ်မှတ်ထားမှုမှာ နီးစပ်လာပြီဖြစ်ကြောင်း ပြောကြားသည်။*

### ဝင်ဘယ်ဒန်တင်းနစ်ပိုလ်လုပွဲ ဇပိုနာရီဗာ တက်ရောက်

***ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသမီးပွဲစဉ်အကြိုဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့်(၂၁) ရှိ ရုရှားတင်းနစ်မယ် ဗီရာဇဗိုနာရီဗာသည် ကမ္ဘာ့အဆင့်(၈၂)ရှိ တီဆဗီတာနာပီရွန်ကို ဗာအား ၃-၆၊ ၆-၃၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့်(၁)ရှိ ဆီရီနာဝီလျံနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။***

### အာဆင်နယ်တွင်သာ ဆက်နေမည်ဟု ဖာဘရီဂတ်စ်ဖွင့်ဟ

*အာဆင်နယ်အသင်းမှ စပိန်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်က ၎င်းအား စပိန်လာလီဂါချန်ပီယံ ဘာစီလိုနာက ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း အီမရိတ်စ်တွင်သာ ဆက်ရှိနေမည်ဟု ဖွင့်ဟခဲ့သည်။*

### ဝင်ဘယ်ဒန်တင်းနစ်ဗိုလ်လုပွဲသို့ ဆီရီနာ ခက်ခက်ခဲခဲ တက်ရောက်

*ကမ္ဘာ့အဆင့်(၁)ရှိ လက်ရှိ ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံ ဆီရီနာဝီလျံသည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် မဝင်သေးသူ ချက်တင်းနစ်မယ် ပီထရာကေဗီတိုဗာအား မထင်မှတ်ဘဲ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ၇-၆၊ (၇-၅)၊ ၆-၂ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ ခြောက်ကြိမ်မြောက် တက်ရောက်နိုင်ခဲ့သည်။*

### ရှိုင်ဟော့ဂ်ဆန်အား လီဗာပူးနည်းပြအဖြစ် တာဝန်ပေး

***ဖူလ်ဟမ်အသင်းနည်းပြဖြစ်သူ ရှိုင်ဟော့ဂ်ဆန်အား လီဗာပူးအသင်းက နည်းပြ အဖြစ် တာဝန်ပေးလိုက်ပြီး အသင်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုလိုက်သည်။***

### ဂရိနည်းပြအဖြစ် ဖာနန်ဒိုဆန်းတို့စ်အား တာဝန်ပေး

*ပီအေအိုကေဆာလိုနီကာနှင့် ပေါ်တိုအသင်းနည်းပြဟောင်းဖြစ်သူ ဖာနန်ဒိုဆန်းတို့စ် အား ဂရိလက်ရွေးစင်အသင်းက ယင်း၏နည်းပြဟောင်း ဂျာမန်လူမျိုးနည်းပြ အော်တို ရက်ဟာဂယ်လ်၏နေရာတွင် အစားထိုးတာဝန်ပေးလိုက်သည်။*

### မန်စီးတီး၏ လက်ထောက်နည်းပြ ဒေးဗစ်ပလက်ထ် ဖြစ်လာ

***မန်စီးတီးနည်းပြ ရောဘတ်တိုမန်စီနီသည် ၁၉၉၀ ပြည့်နှစ်မတိုင်မီနှစ်များက ၎င်းနှင့်အတူ ဆမ့်ဒိုးရီးယားအသင်းတွင်ကစားခဲ့သူ အသက် ၄၄နှစ်ရှိ အင်္ဂလန်လက်ရွေးစင် ကွင်းလယ်ကစားသမားဟောင်း ဒေးဗစ်ပလက်ထ်အား ၎င်း၏လက်ထောက် နည်းပြ အဖြစ် တာဝန်ပေးအပ်လိုက်သည်။***

### ဘာလာကီနှင့် ပက်ထရို့ဗ်အား ဘော်လ်တန် စာချုပ်ခေါ်ယူ

*ဘော်လ်တန်အသင်းသည် ဘန်လေအသင်းမှ အသက် ၃၄ နှစ်ရှိ တိုက်စစ်မှူး ရော်ဘီဘလာကီအား တစ်နှစ်စာချုပ်ဖြင့်လည်းကောင်း၊ အသက် ၃၁နှစ်ရှိ ဘူလ်ဂေးရီးယားလက်ရွေးစင်ကစားသမား မာတင်ပက်ထရို့ဗ်အား နှစ်နှစ်စာချုပ်ဖြင့် လည်းကောင်း အသီးသီးစာချုပ်ခေါ်ယူခဲ့ကြောင်း အတည်ပြုပြောကြားသည်။*

### ခံစစ်မှူး ဘိုင်းနက်စ်အား အဲဗာတန် စာချုပ်သစ်ချုပ်ဆို

***အဲဗာတန်အသင်းသည် အသက် ၂၅နှစ်ရှိ အင်္ဂလန်ခံစစ်မှူး လက်ချ်တန်ဘိုင်းနက်စ် နှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို ထပ်မံချုပ်ဆိုခဲ့ကြောင်း၊ ဘိုင်းနက်စ်သည် ၂၀၀၇ခုနှစ်က ဝီဂန်အသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ခြောက်သန်း ဖြင့် ရောက်ရှိလာသူဖြစ်ကြောင်း သိရသည်။ ။ (အင်တာနက်)***

# ဝန်ထမ်းများအရည်အသွေးပိုမိုတိုးတက်အောင် လေ့ကျင့်ပျိုးထောင်

## ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ရှာဖွေထုတ်လုပ်နိုင်ရေးဖော်ဆောင်

နေပြည်တော် ဇူလိုင် ၂

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂ရက် နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ ဝန်ကြီးဦးလွန်းသီ တက်ရောက် အမှာစကားပြောကြားသည်။** (အောက်ပုံ)

### တက်ရောက်

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများ၊ ရေနံမြေအထွေထွေမန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ဝန်ထမ်းများ၏ အရည်အသွေးပိုမို တိုးတက်မြင့်မားလာအောင် အစဉ်တစိုက် လေ့ကျင့်ပျိုးထောင်ပေးသွားကြရန် လိုအပ်ကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ရှာဖွေထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီနည်းစနစ်များအသုံးပြု၍ ရှာဖွေတူးဖော်ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ရေနံမြေအထွေထွေမန်နေဂျာများက ရေနံနှင့်သဘာဝ ဓာတ်ငွေ့အထွက်တိုးရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် နည်းပညာအသစ်များ အသုံးပြု၍ ရေနံတိုးတက်ရှာဖွေတူးဖော်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းတင်ပြကြရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယဝန်ကြီး ဦးသန်းဌေးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

### အမှာစကားပြောကြား

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအား ချမှတ်ပေးခဲ့သည်။

**(သတင်းစဉ်)**



# ကွာတားအဆင့်ကိုကျော်လွှားဖို့ ကြိုးစားရမည့် နာမည်ကြီးစပိန်

## ခံစစ်အုတ်တံတိုင်းကို လုံအောင်ကာရံရမည့် ပါရာဂွေး

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇူလိုင် ၂

**ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ အကြိတ်အနယ်နွှဲနေပြီဖြစ်သည်။ အတိမ်းအစောင်း အမှားအယွင်းမခံသော ပွဲစဉ်များချည်းဖြစ်နေရာ အသင်းတိုင်း သတိကြီးစွာ ယှဉ်ပြိုင်နေကြရသည်။ ကွာတားဖိုင်နယ်ရောက်အသင်းတိုင်း ကမ္ဘာ့ဖလား ဆွတ်ခူးနိုင်ရေး မျှော်မှန်းနေကြသည့် အသင်းများဖြစ်ရာ အနိုင်ရရေးဦးတည်ချက်တစ်ခုတည်းဖြင့် ခြေကုန်ဖွင့်လျက်ရှိသည်။**

### ယှဉ်ပြိုင်မည်

ကွာတားဖိုင်နယ်ပွဲစဉ်(၄) နောက်ဆုံးပွဲစဉ်အဖြစ် ပါရာဂွေးနှင့် စပိန်တို့ ဇူလိုင် ၄ရက်နံနက် ၁နာရီ၌ စတင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ အီလစ်ပက်အားကစားကွင်းကြီး၌ တောင်အမေရိကမှ ခြေစွာသော ပါရာဂွေးကို ဥရောပထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် စပိန်တို့ မည်သို့ကျော်ဖြတ်မည်မှာ စိတ်ဝင်စားစရာပင်ဖြစ်သည်။ ပါရာဂွေးနှင့် စပိန်အသင်းတို့၏ လက်ရှိအနေအထားကိုကြည့်လျှင်ပါရာဂွေးတို့က ယခုကမ္ဘာ့ဖလားပွဲ၌ အုပ်စု(စ)တွင် ပါဝင်ခဲ့သည်။ အီတလီ၊ နယူးဇီလန်နှင့် ဆလိုဗက်ကီးယားအသင်းတို့နှင့် တစ်အုပ်စုတည်းကျခဲ့ပြီး အကြိတ်အနယ်ဖြတ်သန်းခဲ့ရသည်။

### ကျော်ဖြတ်

ပါရာဂွေးတို့ အုပ်စုပွဲများအဖြစ် ကမ္ဘာ့ဖလားလက်ရှိချန်ပီယံအီတလီကို တစ်ဂိုးစီသရေ၊ဆလိုဗက်ကီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး နယူးဇီလန်ကို ဂိုးမရှိသရေပွဲကစားခဲ့သည်။ထို့ကြောင့် အုပ်စု(စ)တွင် ပါရာဂွေးတို့ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးမှတ်ဖြင့် အုပ်စုပထမရရှိကာ ရှုံးထွက်ပွဲစဉ်သို့တက်လှမ်းလာခဲ့သည်။ အုပ်စုပွဲများကို ကျော်ဖြတ်ခဲ့ရာတွင် သွင်းဂိုး သုံးဂိုး၊ ပေးဂိုး တစ်ဂိုးရလဒ် ရရှိခဲ့သည်။

### ရှုံးထွက်အဆင့်

ရှုံးထွက်အဆင့်၌ ပါရာဂွေးတို့ အာရှမှဂျပန်တို့နှင့်ယှဉ်ပြိုင်ခဲ့ရာ မိနစ် ၉၀ ၌ သရေ၊ အချိန်ပို မိနစ် ၃၀၌ သရေဖြစ်ပြီး ပယ်နယ်တီအဆုံးအဖြတ် ငါးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲရပြီး ရှုံးထွက်အဆင့်ကို ကျော်လွှားခဲ့ပြန်သည်။ ရှုံးထွက်အဆင့်၌ ကံတရား၏ ဖေးမမှုကြောင့် ပါရာဂွေးတို့ ဂျပန်အသင်းကို အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်ပွဲစဉ်သို့ ရောက်ရှိလာခဲ့သည်။



ပါရာဂွေးအသင်းအတွက် ဗီရာ စွမ်းဆောင်ပေးဖို့ လိုအပ်နေပြီ။

### သမိုင်းစံချိန်

ပါရာဂွေးတို့ ကမ္ဘာ့ဖလားဘောလုံးပွဲ သမိုင်းတစ်လျှောက် ယခုအကြိမ်သည် ပထမဆုံး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်သည့် သမိုင်းစံချိန်ပင်ဖြစ်သည်။ ထို့အတူ ပါရာဂွေးအသင်းမှ ခံစစ်မှူး ကာနီဇာသည် ယခုကွာတားဖိုင်နယ်ပွဲ ကစားပြီးပါက ပါရာဂွေးအသင်း၌ ပွဲပေါင်း ၁၀၀ ပြည့် ပါဝင်ကစားခဲ့သည့် မှတ်တမ်းဝင်မည်ဖြစ်သည်။

### ကစားအား

ပါရာဂွေးတို့က ယခုကမ္ဘာ့ဖလားပွဲ၌ ခံစစ်လုံအောင် ကျစ်လျစ်စွာကစားနိုင်ကြသည်။ ကွင်းလယ်ကစားအား ကောင်းသော်လည်း တိုက်စစ်ကို တိကျသော ပံ့ပိုးမှု မလုပ်နိုင်ချေ။ ပါရာဂွေးတိုက်စစ်တွင် ဆန်တာခရုဇ်က ဂိုးမသွင်းနိုင်ခဲ့သည်မှာ ကြာပြီဖြစ်သည်။လောလောဆယ်တွင်ဗီရာနှင့် ရေဗားရိုစ့်တို့က ဂိုးသွင်းပေးနိုင်၍သာ အခြေအနေကောင်းခဲ့ခြင်း ဖြစ်သည်။



စပိန် ကွာတားဖိုင်နယ် ကျော်ဖြတ်နိုင်ဖို့ ဗီလာဖြည့်ဆည်းပေးနိုင်ဦးမလား။

ပါရာဂွေးတို့ ကစားအားကောင်းသော်လည်း အထိုင်တိုက်စစ်အသွင် ဆောင်နေသည်။ တစ်ခါတစ်ရံကွင်းလယ်နှင့် တောင်ပံများမှ ဖန်တီးပေးသော အဖိုးတန်ဘောလုံးများကို အကျိုးရှိစွာ အသုံးမချနိုင်။ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်း လုပ်တတ်ကိုင်တတ်သူနည်းသည်။ ကြံသလို ဂိုးသွင်းနိုင်မှုလည်း အားရစရာ မရှိရာ ပါရာဂွေးတိုက်စစ်မှူးများ စပိန်နောက်တန်းကို ဖြတ်ကျော်ဂိုးသွင်းရန် အခက်အခဲရှိမည်ဖြစ်သည်။

စပိန်တို့က ယခုနှစ်ကမ္ဘာ့ဖလားပွဲမတိုင်မီကပင် ခြေစမ်းပွဲရလဒ်များ၊ နာမည်ကြီးခဲ့သည်။ လက်တွေ့ယှဉ်ပြိုင်သော ပွဲစဉ်များတွင်မူ ထင်ထားသလောက် မဟုတ်ချေ။

စပိန်အသင်းတို့ ယခုကမ္ဘာ့ဖလားပွဲ၌ အုပ်စု(ဇ)တွင် ပါဝင်ပြီး ဆွစ်ဇာလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးကာ ဟွန်ဒူးရပ်စ်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ချီလီကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့ရာ အုပ်စု(ဇ)၌ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိခဲ့သည်။ စပိန်တို့ရှုံးထွက်အဆင့်၌ ပေါ်တူဂီနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။

### သွင်းဂိုး

စပိန်တို့ ရှုံးထွက်အဆင့်အထိ သွင်းဂိုး ငါးဂိုး၊ ပေးဂိုး နှစ်ဂိုးရှိခဲ့ပြီး တဖြည်းဖြည်းနှင့်ပုံမှန်ခြေစွမ်းရရှိခဲ့သည်။ စပိန်တိုက်စစ်မှူး ဗီလာဂိုးသွင်းအားကောင်းနေပြီး ဆာဗီနှင့်အင်နီယေစတာတို့ ကွင်းလယ်မှ ဖန်တီးပေးမှုများလည်း ထိရောက်မှုရှိရာ စပိန်တိုက်စစ်မှူးများ ဂိုးသွင်းခွင့်များရရှိခဲ့သည်။ စပိန်တိုက်စစ်မှူး တောရက်စ် ယခုအချိန်အထိ ဂိုးမသွင်းနိုင်သော်လည်း ဂိုးသွင်းခွင့်များ ဖန်တီးပေးနိုင်သည်။

သို့သော် ပုံမှန်ခြေစွမ်း မရသဖြင့် အားထားရမှုက ချင့်တွက်စရာပင်ဖြစ်နေသည်။ တောရက်စ် ခြေစွမ်းပြနိုင်လျှင် ပါရာဂွေးနောက်တန်း အနေအထားပျက်ယွင်းအောင် မွှေနှောက်ကစားနိုင်သည်။ ဂိုးသွင်းခွင့် အခွင့်အရေးများ ပေါ်ထွက်လာနိုင်သည်။

### နှစ်သင်းဆုံတွေ့မှု

စပိန်နှင့် ပါရာဂွေးတို့ ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားပွဲ၌ ဆုံတွေ့ခဲ့ရာတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။၂၀၀၂ခုနှစ်က ခြေစမ်းပွဲ ကစားခဲ့ရာတွင်လည်း ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ ယခု နှစ်သင်းအနေအထားတွင် စပိန်တို့ နေရာလိုက်ကစားအားနှင့် ကစားသမားအရည်အသွေးပိုင်းတွင် အားသာချက်ရှိနေသည်။

### အလေးသာ

ထို့ကြောင့် စပိန်နှင့်ပါရာဂွေးတို့ပွဲစဉ်တွင် စပိန်တို့အလေးသာသည် မှန်သော်လည်း ပါရာဂွေးတို့ ကစားအားကိုလည်း လျှော့တွက်၍မရချေ။ သို့သော် စပိန်တို့ ကွာတားဖိုင်နယ်အဆင့်ကို ကျော်ဖြတ်သွားနိုင်မည်ဟု မှန်းဆရပါကြောင်း။ ။

**ကိုးကား-အင်တာနက်**

# လီမွှော်ရောင်တို့ ကမ္ဘာ့ဖလားရှုံးကြွေးဆပ် နာမည်ကြီးဘရာဇီးတို့ အိမ်ပြန်ကြရပြီ

မြင့်မောင်စိုး ➤ စုစည်းရေးသားသည်

ဂျိုဟန်နစ္စဘတ် ဇူလိုင် ၂

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဇူလိုင် ၂ရက် ညပိုင်းက စတင်ယှဉ်ပြိုင်ကစားရာ လိမ္မော်ရောင်နယ်သာလန်က ကမ္ဘာ့နံပါတ်(၁) ဘရာဇီးကိုအနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

### ဦးဆောင်ဂိုးသွင်းယူ

ပွဲစပြီး ၁၀မိနစ်အကြာ နယ်သာလန် ကစားသမားများ တိုက်စစ်ကို အားပြုနေချိန် ဘရာဇီးတို့ လျှပ်တစ်ပြက် တိုက်စစ်ဆင်ပြီး ကွင်းလယ်မှ မီလိုက ဘောလုံးကို နယ်သာလန် ခံစစ်မှူးများကြားမှ ထိုးပေးလိုက်ရာ တိုက်စစ်မှူးရော်ဘင်ဟိုပြေးထွက်ကာ မနားတမ်း ကန်သွင်းယူလိုက်သဖြင့် ဘရာဇီးတို့ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

### ချေပဂိုးရခဲ့

ဘရာဇီးတို့ ယင်းအနိုင်ဂိုးကြောင့် ကစားကွက်ပိုကောင်းလာသည်။ ဘရာဇီးတိုက်စစ်မှူးများက အချင်းချင်း အပေးအယူလုပ်ကစားပြီး နယ်သာလန် နောက်တန်းကို အခွင့်အရေးရလျှင် ရတ်တရက်ထိုးဖောက်ရန် ကြိုးစားသည်။ သို့သော် နယ်သာလန်က ဘောလုံးပိုင်ဆိုင်မှုကို အဓိကထားပြီး ချေပဂိုးသွင်းယူရန်ကြိုးစားသည်။ ဒုတိယပိုင်းတွင် နယ်သာလန်က ဘောလုံးပိုင်ဆိုင်မှုကို အဓိကထားပြီး ဘရာဇီးနောက်တန်းကို ထိုးဖောက်ခဲ့ရာ ပွဲချိန် ၅၃မိနစ်တွင် ရှနိုက်ဒါ ခေါင်းတိုက်ဂိုး သွင်းယူရန် ကြိုးစားစဉ် ဘရာဇီးကစားသမား မီလိုနှင့်ထိပြီး ဂိုးဝင်သွားသဖြင့် နယ်သာလန်တို့ ချေပဂိုးရခဲ့သည်။

### ရှုံးကြွေးဆပ်

ယင်းဂိုးကြောင့် နယ်သာလန်တို့ တိုက်စစ်အား ပိုကောင်းလာသည်။ ပွဲချိန် ၆၈မိနစ်တွင် ဒက်ကွတ်ဇ် ခေါင်းတိုက်ပေးလိုက်သောဘောလုံးကို ရှနိုက်ဒါက ထပ်ဆင့်



ဘရာဇီးအသင်းအတွက်ဂိုးကို တိုက်စစ်မှူး ရော်ဘင်ဟိုက ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ခေါင်းတိုက်ဂိုး သွင်းယူခဲ့သဖြင့် နယ်သာလန်တို့ အနိုင်ဂိုးရခဲ့သည်။ ပွဲချိန် ၇၃မိနစ်တွင် ဘရာဇီးကစားသမား မီလိုက နယ်သာလန်တိုက်စစ်မှူး ရော်ဘင်အား ကြမ်းကြမ်းတမ်းတမ်း ကစားသည်ဟုဆိုကာ ဂျပန်ဒိုင်လူကြီး နီရှိမူယာက အနီကတ်ပြပြီး ထုတ်ပယ်ခဲ့သည်။ ၄င်းထုတ်ပယ်ခံရပြီးနောက် နယ်သာလန်က ဘရာဇီးနောက်တန်းကို စိုးမိုးကစားပြီး ပွဲကိုအဆုံးသတ်ခဲ့သည်။ နယ်သာလန်တို့ ယင်းအနိုင်ပွဲမှာ ၁၉၉၄ခုနှစ်က ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲတွင် ဘရာဇီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကို ပြန်လည်ရှုံးကြွေးဆပ်လိုက်ခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရလျှင် လိမ္မော်ရောင် နယ်သာလန်တို့ ၂၄ပွဲမြောက် ရှုံးပွဲမရှိ စံချိန်ကို တင်လိုက်ခြင်းလည်း ဖြစ်သည်။ ။

**ကိုးကား-အင်တာနက်**



နယ်သာလန်အသင်းအတွက် အနိုင်ဂိုးကို ရှနိုက်ဒါက ဤသို့ ခေါင်းတိုက်ဂိုးသွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

# ခွဲစိတ်ကုဆရာဝန်များ ညီလာခံကျင်းပမည်

*ရန်ကုန် ဇူလိုင် ၂*

*မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ခွဲစိတ်ကုဆရာဝန်များအဖွဲ့မှ (၁၈)ကြိမ်မြောက် ခွဲစိတ်ကုဆရာဝန်များညီလာခံကို လာမည့်နိုဝင်ဘာ ၁၂ရက်၊ ၁၃ရက်နှင့် ၁၄ ရက်များတွင် ရန်ကုန်မြို့ရှိ **Chatrium** ဟိုတယ်တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါညီလာခံသို့ ခွဲစိတ်ကုဆရာဝန်များနှင့် စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြသည်။* *(မြန်မာ့အလင်း)*



ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းရုံး(ပုသိမ်)မှ တိုင်းဦးစီးမှူး ဦးသိန်းဝင်း၊ လက်ထောက်အင်ဂျင်နီယာဦးနိုင်နိုင်၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲအုပ် စိုးထိုက်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးကြိုင်နှင့် တာဝန်ရှိသူများပူးပေါင်းအဖွဲ့ ဇွန် ၁၆ရက်က ပုသိမ်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်းရှိ အဝေးပြေးခရီးသည်တင်ယာဉ်များအား ယာဉ်မတော်တဆမှုများ လျော့နည်းရေးအတွက် ပညာပေးဆောင်ရွက်စဉ်။ (တိုင်းကညန)



ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စာတိုက်လမ်း ကျောက်ချောလမ်းခင်းနေမှုအခြေအနေကို ဇွန် ၁ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးစောနိုင်နှင့် အတွင်းရေးမှူး ဦးနေဝင်းတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့က ရှင်းလင်းပြသကြစဉ်။ (မြို့နယ် ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ၄၀ါလမ်းအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ကျောက်များစုဆောင်းနေမှုကို မေ ၁၀ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသီဟနှင့် အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးခွန်မြင့်လွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာန ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုအရ ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဆွေနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ ဇွန်၂ရက်က ညောင်လေးပင် မြို့မဈေးအတွင်း ငါးရစ်ငါးသန်ကာလအတွင်း ငါးရစ်ငါးသန်ငါးများ ဖမ်းဆီး၊ ဝယ်ယူ၊ သိုလှောင်၊ ရောင်းဝယ်ခြင်း မပြုလုပ်ရန် ကွင်းဆင်းစစ်ဆေးကြစဉ်။ (ဝ၅၃)

# ပြန်ကြားရေးဝန်ကြီးဌာန
# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက်
# လုပ်ငန်းသုံးပစ္စည်းများနှင့် ရုံးသုံးပစ္စည်းများဝယ်ယူရန်
# တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် လုပ်ငန်းသုံးပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်။

(က) **လုပ်ငန်းသုံးပစ္စည်း (၆)မျိုး**

| | | |
|---|---|---|
| (၁) | Nikon Flash SB-600 Speed Light | 2 Nos |
| (၂) | Nikon D-300s Digital Camera (Body Only) | 2 Nos |
| | - Nikon AF-SDX 18-200mm F3.5-5.6G EDVR 11 Lens | 1 No |
| | - Nikon Type Sigma Lens 18-200 mm F3.5-6.3 DCOS Lens | 1 No |
| (၃) | Digital Camera 12 Megapixel Resolution (SD With Memory Card) | 100 Nos |
| (၄) | Mini DV Camcorder (With Video Camera Box) | 5 Nos |
| (၅) | EVD Digital Video Disc Player High Quality | 30 Nos |
| (၆) | Generator 20 KVA 1 P(Sound Proof) | 1 No |

(ခ) **ရုံးသုံးစက်ကိရိယာများ (၅)မျိုး**

| | | |
|---|---|---|
| (၁) | Computer | 15 Nos |
| (၂) | Fax Machine (FT.937) | 25 Nos |
| (၃) | Book Scanner | 1 No |
| (၄) | Laser Printer (A4) Canon LBP-2900 | 15 Nos |
| (၅) | Digital Multi Function Copier (A3) | 2 Nos |

၂။ တင်ဒါပေးသွင်းမှုကို ၁၆-၇-၂၀၁၀ ရက် ၁၅:၀၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့ရုပ်ရှင်လုပ်ငန်း**
**အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၇၄။**



# ကြေးပိုင္ဇကတ်တော်လှူဒါန်းကြစို့

**သံယုတ်ပါဠိတော် မြန်မာပြန်ကြေးပိုင္ဇကတ်တော်အလှူရှင်များ-**

| | |
|---|---|
| ဆရာမဒေါ်ယုယုမြင့်နှင့် ကျောင်းသား ကျောင်းသူများ။ | ၂ချပ် ကျပ် ၅၂၀၀၀ |
| အဘွားဒေါ်အန်းနုနှင့် ကိုရင်ပညာသာမိ ဗိုလ်စိန်မှန်လမ်း၊ ဗဟန်း။ | ၁ချပ် ကျပ် ၂၆၀၀၀ |
| ဒေါ်ကြူကြူ လမ်းမတော်၊ ရန်ကုန်။ | ၁ချပ် ကျပ် ၂၆၀၀၀ |
| ဒေါက်တာတင်ထွန်းမြင့်-ဒေါ်အေးအေးဝင်းမိသားစု ကမာရွတ်။ | ၂ချပ် ကျပ် ၅၂၀၀၀ |
| ဦးအုန်းမြင့်-ဒေါ်ခင်လှဝေမိသားစု ယောမင်းကြီးလမ်း၊ ဒဂုံ။ | ၂ချပ် ကျပ် ၅၂၀၀၀ |
| ဦးစိန်နုစ်-ဒေါ်ကျင်မွေးမိသားစု ဒဂုံ၊ ရန်ကုန်။ | ၁ချပ် ကျပ် ၂၆၀၀၀ |
| (ဦးလှပိုင်းဦး)-ဒေါ်အေးအေးသိန်းမိသားစု မင်္ဂလာတောင်ညွန့်။ | ၅ချပ် ကျပ် ၁၃၀၀၀၀ |
| ကိုဟိန်းသိုက်-မဝေလွင်ခိုင်မိသားစု မင်္ဂလာတောင်ညွန့်။ | ၁ချပ် ကျပ် ၂၆၀၀၀ |
| ဦးဇော်ဝင်း-ဒေါ်မိုးစန္ဒာမိသားစု ဆစ်ဒနီမြို့၊ သြစတြေးလျနိုင်ငံ။ | ၈ချပ် ကျပ် ၂၀၈၀၀၀ |
| ဒေါက်တာစိုင်းနော်ခမ်း-ဒေါက်တာကေခိုင်ဝင်းမောင် ဒဂုံ။ | ၁ချပ် ကျပ် ၂၆၀၀၀ |
| ဦးတော့လာ-ဒေါ်ရှုခင်၊ ဒေါ်မြင့်ကြူနှင့် သားသမီးများ၊ ဦးရန်ရှင်း-ဒေါ်မြင့်ရီ၊ မရည်နွယ်ရှင်း၊ မနေနွယ်ရှင်း၊ မောင်သက်ပိုင်ရှင်း မြိတ်။ | ၄ချပ် ကျပ် ၁၀၄၀၀၀ |
| ဒေါ်မြင့်စီအသက်၅၀ပြည့် မွေးနေ့ အလှူ။ | ၂ချပ် ကျပ် ၅၂၀၀၀ |

**ဆက်သွယ်လှူဒါန်းရာဌာန- မင်္ဂလာတိုက်ကျောင်း၊ ရွှေကျင်တိုက်ကြီး၊ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ကြားတောရရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၈၈၀၅၊၀၉-၅၁၉၅၂၀၆။**



ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ပညာပေးဟောပြောပွဲကို မေ ၂၂ရက်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သရက်ခရိုင် ရုံးခန်း၌ ကျင်းပရာဦးခင်မောင်ယုခရိုင်ဦးစီးမှူး၊ စစ်ဆေးရေးမှူး(၂) ဦးမြဝင်း တိုင်းဦးစီးမှူးရုံး(မကွေး)တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များ ဟောပြောစဉ်။ (ခရိုင်/ကညန)

# ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
# သစ်တောရေးရာဝန်ကြီးဌာန
# သစ်တောဦးစီးဌာန
# သစ်တောတက္ကသိုလ်၊ ရေဆင်း
# နေပြည်တော်

၁။ သစ်တောတက္ကသိုလ် ၂၀၁၀-၂၀၁၁ပညာသင်နှစ် သိပ္ပံ(သစ်တော) ဘွဲ့၊ (၅)နှစ်သင်တန်းသို့ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ သင်တန်းသား/ သင်တန်းသူဦးရေ စုစုပေါင်း ၂၀၀လက်ခံမည်။

၃။ လျှောက်ထားသူသည်-

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဂ) ၂၀၁၀ခုနှစ် နိုဝင်ဘာ ၁၅ရက်တွင် အသက် ၁၈နှစ်ထက် မကြီးစေရ။

(ဃ) ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည်။ ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းနှင့်အညီ အင်္ဂလိပ်စာ၊ ဇီဝဗေဒဘာသာရပ်များကို (၃)နာရီမေးခွန်း ဖြေဆိုကြရမည်။

(င) ကျန်းမာရေးစစ်ဆေးမှု အောင်မြင်ရမည်။

(စ) မိုင် ၂၀လမ်းလျှောက်စွမ်းရည်စစ်ဆေးမှု အောင်မြင်ရမည်။

(ဆ) လူတွေ့စစ်ဆေးခြင်းခံယူရမည်။

၄။ ဝင်ခွင့်လျှောက်လွှာကို အောက်ဖော်ပြပါသတ်မှတ်ပုံစံအတိုင်း (A-4 Size) အရွယ်စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာ စာစီရိုက်နှိပ်ပြီး လိုင်စင်အရွယ်ဓာတ်ပုံကပ်၍ လျှောက်ထားရန်ဖြစ်သည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) သက်ဆိုင်ရာ အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ၊

(ခ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ)၊

(ဂ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက် (မူရင်း)၊

(ဃ) လိုင်စင်အရွယ်ဓာတ်ပုံ (၃)ပုံ (ပူးတွဲ)။

၆။ လျှောက်လွှာများကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်သို့ ၃၀-၇-၂၀၁၀ရက် (သောကြာနေ့) နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော၊ မပြည့်စုံသော လျှောက်လွှာများကို ဖြေဆိုခွင့်ပြုရန် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါစာစစ်ဌာနများ၌ တစ်ပြိုင်တည်းစစ်ဆေးမည်။ လျှောက်လွှာတွင် မိမိဖြေဆိုလိုသည့် စာစစ်ဌာနကို သေချာစွာရွေးချယ်ဖော်ပြရမည်။

(က) သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၊

(ခ) ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန၊ မှော်ဘီမြို့၊

(ဂ) မြန်မာနိုင်ငံ သစ်တောကျောင်း၊ ပြင်ဦးလွင်မြို့။

၈။ ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးမည်။

(က) အင်္ဂလိပ်စာ(၃)နာရီမေးခွန်း ၁၄-၈-၂၀၁၀ရက် (စနေနေ့)
နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ

(ခ) ဇီဝဗေဒ(၃)နာရီမေးခွန်း ၁၅-၈-၂၀၁၀ရက် (တနင်္ဂနွေနေ့)
နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ

၉။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်နှင့် ခုံအမှတ်စာရင်းကို စာစစ်ဌာန (၃)ခုတွင် အချိန်မီထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံ အကြောင်းကြားမည်မဟုတ်ပါ။

၁၀။ ဖြေဆိုခွင့်ကတ်များကို ၁၂-၈-၂၀၁၀ရက် (ကြာသပတေးနေ့)မှစတင်၍ သက်ဆိုင်ရာစာစစ်ဌာနများ၌ ထုတ်ပေးမည်ဖြစ်ပြီး နိုင်ငံသား စိစစ်ရေးကတ်ယူဆောင်လာရမည်။ ဖြေဆိုခွင့်ကတ်ထုတ်ယူသည့်အချိန်တွင် မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပေးသော အမှတ်စာရင်းမိတ္တူကို ပေးအပ်ရမည်။

၁၁။ ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများအား မိုင် ၂၀လမ်းလျှောက်စွမ်းရည် စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်မည်ဖြစ်၍ စစ်ဆေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ အစစ်ဆေးခံရန်လာရောက်သည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံချက် (မူရင်း)၊ အမှတ်စာရင်း(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာရမည်။

၁၂။ အကယ်၍ သစ်တောတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန်လိုအပ်မည်ဖြစ်သည်။

၁၃။ အသေးစိတ်သိလိုပါက သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၁၉၊ ၄၁၆၅၄၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မောင်မောင်လွင်
မော်ကွန်းထိန်း

**လျှောက်လွှာနမူနာပုံစံ**

**သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**
**သစ်တောတက္ကသိုလ်(ရေဆင်း)**
**ဘွဲ့ကြိုပထမနှစ် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ**
**(၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများအတွက်သာ)**

ဓာတ်ပုံ

၁။ အမည် (အပြည့်အစုံ) .............................. နိုင်ငံသားစိစစ်ရေးကတ်အမှတ် ..............................

၂။ မွေးသက္ကရာဇ် (ရက်၊လ၊ခုနှစ်) ..............................

၃။ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သည့် ခုံအမှတ် .............................. ခုနှစ် ..............................

၄။ လူမျိုး .............................. ကိုးကွယ်သည့်ဘာသာ ..............................

၅။ အမြဲနေထိုင်သောလိပ်စာ ..............................
..............................

၆။ ဆက်သွယ်ရန်လိပ်စာ ..............................
..............................

၇။ ဖခင်အမည် .............................. နိုင်ငံသားစိစစ်ရေးကတ်အမှတ် ..............................
အလုပ်အကိုင် ..............................
မိခင်အမည် .............................. နိုင်ငံသားစိစစ်ရေးကတ်အမှတ် ..............................
အလုပ်အကိုင် ..............................

၈။ ရေးဖြေ ဖြေဆိုလိုသောစာစစ်ဌာန ..............................
[ပြင်ဦးလွင် (သို့မဟုတ်) နေပြည်တော် (သို့မဟုတ်) မှော်ဘီစာစစ်ဌာန တစ်ခုသာဖော်ပြရန်]

၉။ ဝန်ခံချက်
အထက်ပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ ။ ------------
----------------
လျှောက်ထားသူ၏ လက်မှတ်

အထက်ဖော်ပြချက်များမှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။
ရက်စွဲ ။ -----------
----------------
မိဘ/အုပ်ထိန်းသူလက်မှတ်

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ ဆက်လက် လျှောက်ထားလျက်ရှိ

နေပြည်တော် ဇူလိုင် ၂

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS) အဖွဲ့က ၂၀၁၀ခုနှစ် ဇူလိုင် ၂ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီတည်ထောင်ခွင့် လာရောက်လျှောက်ထားခဲ့သည်။ *စာမျက်နှာ ၃ ကော်လံ ၄* ●

## ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာ

နေပြည်တော် ဇူလိုင် ၂

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့ စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာန ကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်း မှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံများကို ဇူလိုင်၂၃ရက် (သောကြာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၄* ✻

## နိုင်ငံတော်ဖွံ့ဖြိုးရေးအလှ ထပ်ဆင့်ခြယ်မှုန်းလှစ်ဟပြနေသည့် ပဲခူးတိုင်းမှ ခပေါင်းရေလွှဲဆည်

- ➤ သတင်းခရီးသည် - ကျော်စိန်
- ➤ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
- ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်

ရန်ကုန် ဇူလိုင် ၂

စိမ်းလန်းစိုပြည်သော မြင်ကွင်းများ၊ တရိပ်ရိပ်မောင်းနှင်နေသော ကားပေါ်မှကြည့်လျှင် လမ်းဘေးဝဲယာတစ်ခွင်၌ စိမ်းလန်းနေသည့် စပါးစိုက်ခင်းများက တစ်မျှော်တစ်ခေါ်....။

*စာမျက်နှာ ၉ ကော်လံ ၂* ❍



ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ရွှေလောင်းကျေးရွာအနီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ တည်ဆောက်ထားသော ခပေါင်းရေလွှဲဆည် ရေသိုလှောင်ထားရှိမှုကို ဇွန် ၂၅ရက်က ဤသို့တွေ့ရသည်။